ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း၁၂ ရက်၊ စနေနေ့၊ (3-1-2004)(၄၁၀၄)

သိပ္ပ၁ တော် မင်္ဂလ မုတ္တမံ။ လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားအင်အားစုကြီး အခိုင်အမာတည်ဆောက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့တက်လှမ်းကြရမည့် လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ကို ထမ်းဆောင်ရန်အတွက် ယခုအခါ ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင်များအားလုံးသည် တပ်မတော်နှင့်အတူ ပေါင်းစည်းသော အင်အားဖြင့် ကာယ၊ ဉာဏ စွမ်းပကားပြည့်စုံသော အမျိုးသားအင်အားစုကြီးအဖြစ် မဖြစ်မနေ အခိုင်အမာ တည်ဆောက်ကြရမည်ဖြစ်ပေသည်။ အဆိုပါသမိုင်းပေး တာဝန်ကို ထမ်းဆောင်ရာတွင် ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအားလုံး၏ ရင်သန်တက်ကြွသည့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေး ဇာတိမာန်ပေါ်တွင် မူတည်အခြေခံလျက်ရှိကြောင်း မပြတ်သတိချပ်ကြကာ နိုင်ငံတော်သစ် တည်ဆောက်ရေးကို လက်တွဲညီညီ အားသွန်ခွန်စိုက် တာဝန်ယူဖော်ဆောင်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ

ရှေ့ဆက်သွားမည့်လမ်းစဉ်ခုနစ်ရပ်ကို မြန်မာနိုင်ငံပြည်သူများက လှိုက်လှဲစွာကြိုဆို
အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ အာဆီယံထိပ်သီးညီလာခံ၌လည်း ချီးကျူးထောက်ခံမှုရရှိ
အမျိုးသားညီလာခံကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ယနေ့ ည ၇နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ မြက်ခင်းပြင်၌ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz နှင့် ဇနီးတို့ အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ဂုဏ်ပြုညစာစားပွဲကျင်းပရာ တပ်မတော်ဧည့်ဂေဟာသို့ရောက်ရှိကြပြီး ကြိုဆိုကြသည့် မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz နှင့်ဇနီးတို့ အမှူးပြုသော သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများအား နှုတ်ဆက်ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်အချိန်ကစပြီး သံတမန်များက တွေ့ဆုံလိုကြောင်း မေတ္တာရပ်ခံချက်အများအပြား ရရှိခဲ့ကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ တွေ့ဆုံရန် ဆန္ဒသဘောထားရှိသော်လည်း များမြောင်လှသည့် တာဝန်များကြောင့် တွေ့ဆုံရန် အခက်အခဲရှိခဲ့ကြောင်း၊ ထို့ကြောင့်လည်း တစ်ယောက်နှင့် တစ်ယောက် ခင်မင်ရင်းနှီးစွာ တွေ့ဆုံနိုင်ရေးအတွက် ယခုကဲ့သို့ ညစာစားပွဲတစ်ရပ် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

ကမ္ဘာတစ်လွှားမှာ နှစ်သစ်ကူးအချိန်ကာလသည် ပျော်ရွှင်ကြည်နူးသည့်အချိန်ကာလ၊ မိသားစုဝင်များ၊ မိတ်ဆွေများနှင့် စုစည်းသည့်ကာလ၊ လာမည့်နှစ်ကို စောင့်မျှော်ကြိုဆိုသည့်ကာလဖြစ်သလို အသစ်ပြန်လည်လန်းဆန်းသည့်ကာလ၊ အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်သည့်ကာလလည်းဖြစ်ကြောင်း။

ထူးခြားသည့်နှစ်

ထို့ကြောင့် ယခုကဲ့သို့ နှစ်သစ်ကို ကြိုဆိုရန် စုစည်းနေချိန်တွင် လွန်ခဲ့သည့်နှစ်အပေါ် ပြန်လည်သုံးသပ်ရမည်ဆိုလျှင် ၂၀၀၃ခုနှစ်သည် ပြည်တွင်း၊ပြည်ပမှာ ထူးခြားသည့်နှစ်ဟု ဆိုရမှာဖြစ်ကြောင်း။

ကမ္ဘာ့ဒေသအများအပြား၌ ပဋိပက္ခများနှင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် အေးချမ်းသာယာပြီး တည်ငြိမ်မှုရှိနေသည်ကို

စာမျက်နှာ ၇ ကော်လံ ၁ သို့

ယနေ့ထုတ်စောင်ရေ ၁၉၇၃၁၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃-၁-၂၀၀၄ (စနေနေ့)

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထူးချွန်ထက်မြက်စွာထမ်းဆောင် အားထားရသည့် ဆေးပညာရှင်များဖြစ်ရေးကြိုးပမ်း

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဇန်နဝါရီလ ၁ ရက်နေ့က ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် **သမားဇာနည် အောင်စစ်သည်ဆိုတဲ့အတိုင်း တပ်မတော်ဆေးဘက်ဆိုင်ရာ တာဝန်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထူးချွန်ထက်မြက်စွာထမ်းဆောင်ကြပါ၊ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကျင့်ကြံအားထုတ်ကြပါ၊ နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထားလောက်တဲ့ ဆေးပညာရှင်များဖြစ်အောင် ကြိုးစားကြပါ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ နိုင်ငံတော်တည်ဆောက်ရေးတာဝန်ကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြပါ** ဟူ၍ မှာကြားခဲ့သည်။

ယနေ့အချိန်အခါတွင် တပ်မတော်သည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို ပြည်သူများနှင့်အတူလက်တွဲ၍ ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ရင်း စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တစ်နှစ်ထက်တစ်နှစ် မြင့်မားပြီး နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်နှင့်အမျှ ပြည်သူများ အသက်ရှည်ကျန်းမာရေး၊ ပညာရည်မြင့်မားရေးနှင့် လူနေမှုဘဝ မြင့်မားရေးတို့အတွက် နိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက ဓွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး မျိုးချစ်စိတ်ဓာတ် ထက်သန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အစဉ်အလာကောင်းများကို ဆက်လက်သယ်ပိုး ထမ်းရွက်သွားကြရမည်ဖြစ်သည်။ ပြည်သူ့သားကောင်းများပီပီ မိမိတို့ တတ်ကျွမ်းသည့် ဆေးပညာဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့ကို အလုပ်အကျွေးပြုကြရမည်ဖြစ်သည်။

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများသည် သမားဇာနည် အောင်စစ်သည်များဖြစ်ကြသည်နှင့်အညီ တပ်မတော် ဆေးဘက်ဆိုင်ရာ တာဝန်များနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်ဆေးတက္ကသိုလ်သင်တန်းဆင်း ဗိုလ်လောင်းများအနေဖြင့် ဒေသအလိုက်ကျန်းမာရေးအသိ ပညာအတိုင်းအတာ၊ ဒေသ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်တတ်သော ရောဂါဝေဒနာများနှင့် ရောဂါကာကွယ် စောင့်ရှောက်မှုများကို စုဆောင်းမှတ်တမ်းတင်ကြရမည်ဖြစ်သည်။ သို့မှသာ အမျိုးသားကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးအသိပညာပေးမှုသည် အလေးထားဆောင်ရွက်ကြရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ကျန်းမာရေး အသိပညာနည်းပါးပါက **အပ်နဲ့ထွင်ရမှာ ပုဆိန်နဲ့ပေါက်** ဆိုသကဲ့သို့ မဖြစ်သင့်သည်များ မဖြစ်ပွားစေရေးအတွက် ရောဂါကြိုတင်ကာကွယ်နိုင်ရေး ကျန်းမာရေး အသိပညာပေးမှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေခြင်း ဖြစ်ပေသည်။

အထူးသဖြင့် နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် ကျေးလက်နေပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးကြရမည်ဖြစ်သည်။ ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ရောဂါဝေဒနာ ကုသရေးလုပ်ငန်းများသာမက ဆက်စပ်လျက်ရှိသည့် ဒေသ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပြည့်စုံကောင်းမွန်ရေးတို့ကိုပါ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထို့အပြင် သင်တန်းဆင်းဗိုလ်လောင်းများသည် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ပညာနှင့် စစ်ဘက်ခေါင်းဆောင်မှုများကို လေ့ကျင့်သင်ကြားထားပြီးဖြစ်ရာ စစ်မြေပြင်အတွေ့အကြုံများ ရင့်ကျက်စေရေးအတွက် ဆက်လက်ဖြည့်ဆည်းကြရမည်ဖြစ်သည်။ တပ်မတော်သားကောင်းပီသစွာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲဝံ့စွန့်စားထမ်းဆောင် ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်ဆေးတက္ကသိုလ်သင်တန်းဆင်း ဗိုလ်လောင်းများအနေဖြင့် တပ်မတော်ဆေးဘက်ဆိုင်ရာ တာဝန်များနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထူးချွန်ထက်မြက်စွာထမ်းဆောင်ရင်း နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသည့် ဆေးပညာရှင်များဖြစ်ရေး ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်း၊တွဲ၊စက်ကိရိယာများ၏ အရန်ပစ္စည်းများနှင့် မြို့ပြအင်ဂျင်နီယာ ဆက်သွယ်ရေး အချက်ပြအရန်ပစ္စည်းများ ထုတ်လုပ်ပေးသွင်းရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရထားအရန်ပစ္စည်းများ တီထွင်ထုတ်လုပ်ရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်း၊တွဲ၊ စက်ကိရိယာများ၏ အရန်ပစ္စည်းများနှင့် မြို့ပြအင်ဂျင်နီယာ၊ ဆက်သွယ်ရေး အချက်ပြ အရန်ပစ္စည်းများ ထုတ်လုပ်ပေးသွင်းရေး ပဉ္စမအကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၈နာရီတွင် စက်ခေါင်းစက်ရုံ (အင်းစိန်)အစည်းအဝေးခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အမှာစကားပြောကြားပြီး မြန်မာ့မီးရထားအတွက် အရန်ပစ္စည်းများ ကြိုးပမ်းထုတ်လုပ်လျက်ရှိသော လုပ်ငန်းရှင်များနှင့် ပညာရှင်များအား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။

တက်ရောက်

ညှိနှိုင်းဆွေးနွေးပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့မီးရထား အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် ယနေ့မြန်မာနိုင်ငံ တာဝေးနှင့် တာလတ်သယ်ယူပို့ဆောင်မှုတွင် မြန်မာ့မီးရထားအနေဖြင့် ခရီးသည်မိုင်၏ ၄၂ ရာခိုင်နှုန်း၊ ကုန်စည်တွင် ၁၄ ရာခိုင်နှုန်း အသီးသီးသယ်ယူ ပို့ဆောင်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတက်မှု အရှိန်ရလာသည်နှင့်အမျှ တိုးတက်လာမည့် ပို့ဆောင်ရေး လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာ့မီးရထားအနေဖြင့် ပြင်ဆင်လျက်ရှိကြောင်း။

ရထား အရန်ပစ္စည်းများ တီထွင်ထုတ်လုပ်နိုင်ရေးအတွက် နောက်ဆုံးဆွေးနွေးပွဲကို ၂၀၀၃ခုနှစ် ဇွန် ၆ရက်တွင် ပြုလုပ်ခဲ့ရာ၌ စက်ခေါင်းလျှပ်စစ်ပစ္စည်း ၃၃မျိုးကို တီထွင် ထုတ်လုပ်ရန် သဘောတူညီချက်ရခဲ့ပြီး ကြိုးပမ်းဆောင်ရွက်ကြရာတွင် ၁၃မျိုးကို တီထွင်နိုင်ခဲ့သည့်အတွက် အမေရိကန်ဒေါ်လာ ၂၁၂၃၈၉ တန်ဖိုးကို သက်သာသွားစေခဲ့ကြောင်း၊ ကျန် ၂၀မျိုးကိုလည်း တီထွင်ထုတ်လုပ်ဆဲဖြစ်ရာ မကြာမီမှာ အောင်မြင်နိုင်မည်ဟု တွက်ဆရကြောင်း၊ အလားတူ ဆက်သွယ်ရေးနှင့် အချက်ပြပစ္စည်း အချို့ကိုလည်း တီထွင်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်) ဦးစိုးဝင်းက အရန်ပစ္စည်းများ လိုအပ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယအထွေထွေမန်နေဂျာ (ဆက်သွယ်ရေး) ဦးဇော်ဝင်းက ဆက်သွယ်ရေးနှင့် အချက်ပြအရန်ပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရထား ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပြည်ပမှ တင်သွင်းနေရသော မြန်မာ့မီးရထားသုံးပစ္စည်းများနှင့် အရန်ပစ္စည်းများကို မြန်မာ့မီးရထားနှင့်ပူးပေါင်း၍ ပြည်တွင်း၌အောင်မြင်စွာ တီထွင်ကြံဆကြိုးပမ်းထုတ်လုပ်ခဲ့ကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်၊ ပညာရှင် ၃၀တို့အား ဂုဏ်ပြု မှတ်တမ်းလွှာများ ချီးမြှင့်သည်။

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အရန်ပစ္စည်းများ ထုတ်လုပ်သော လုပ်ငန်းရှင်၊ ပညာရှင်များက မိမိတို့ထုတ်လုပ်သွားမည့် မြန်မာ့မီးရထားသုံး အရန်ပစ္စည်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က ပြန်လည်ဆွေးနွေးကြသည်။

ကြည့်ရှုလေ့လာ

ဆွေးနွေးပွဲအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်များ ထုတ်လုပ် ခင်းကျင်းပြသထားသော မြန်မာ့မီးရထားသုံး အရန်ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။ ခင်းကျင်းပြသရာတွင် အသစ်ထပ်မံ ထုတ်လုပ်ပေးစေလိုသော စက်အရန်ပစ္စည်း၊ လျှပ်စစ်အရန်ပစ္စည်း၊ ဆက်သွယ်ရေးအရန်ပစ္စည်း၊ မြို့ပြအင်ဂျင်နီယာသုံး အရန်ပစ္စည်းစုစုပေါင်း ၃၁၃မျိုးအပြင် မြန်မာ့မီးရထားစက်ရုံများမှ ထုတ်လုပ်ပြီး၊ ထုတ်လုပ်ဆဲ ပစ္စည်း ၁၅၉မျိုး၊ မြန်မာ့မီးရထားမှ မူရင်းပစ္စည်းများအား ပြန်လည်ပြုပြင်ထားသော ပစ္စည်း၂၂မျိုး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ထုတ်လုပ်ခဲ့သော ထုတ်လုပ်ဆဲအရန်ပစ္စည်း ၁၈၅ မျိုး၊ အခြားဝန်ကြီးဌာန လက်အောက်ခံ စက်ရုံများနှင့် မြန်မာ့မီးရထားတို့ ပူးပေါင်းထုတ်လုပ်ထားသော အရန်ပစ္စည်းများကို ပြသထားသည်။

အဆိုပါပြပွဲကို အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်)၌ ဒီဇင်ဘာ ၃၀ရက်မှစတင်၍ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၈ရက်အထိ ပိတ်ရက်မရှိ ခင်းကျင်းပြသထားမည်ဖြစ်ရာ မြန်မာ့မီးရထားသုံးအရန်ပစ္စည်းများ ထုတ်လုပ်ပေးသွင်းလိုသူများ အနေဖြင့် လာရောက် လေ့လာကြည့်ရှုနိုင်ပြီး ဆွေးနွေးမေးမြန်းနိုင်ကြသည်။

(သတင်းစဉ်)

မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

အလက(၄) မြောက်ဥက္ကလာပတွင် တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ကြီးများ၊ အငြိမ်းစား ဆရာ၊ ဆရာမများနှင့်အသက်(၅၀)အထက်ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အလက(၄) မြောက်ဥက္ကလာပ၌ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံဆရာများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ရန် နှိုးဆော်ထားသည်။ ကျောင်းသားဟောင်းများ အနေဖြင့် အလှူငွေများကို ဆရာဦးဝင်းမောင်၊ အလက(၄) ဖုန်း-၆၉၉၄၀၉ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

ပင် ဝါး ရုံ စာပေ အခန်း (၄၀၁) တိုက် (၂၂၂) စံပယ် မာ ဃ လမ်း၊ ဟံ သာ ရိပ် မွန် အိမ်ရာ ကမာ ရွတ် မြို့ နယ် ရန်ကုန်မြို့ က ထုတ် ဝေ သော ဘ ဆွေး ကြည် ကာ တွန်း များ ၁၉၈၆-၂၀၀၂ စာအုပ်။ (က-ပ)



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် နှစ်သစ်ကူးကာလအတွင်း တိုက်ခိုက်မှုများဖြစ်ပွားနိုင်သည့်အတွက် အီရတ်ရဲတပ်ဖွဲ့ဝင်အင်အား ၁၁၀၀၀ အထိ ဖြန့်ချထားသည့်ကြားထဲကပင် ဘဂ္ဂဒက်မြို့ ကာရာဒါဒေသရှိ စားသောက်ဆိုင်တစ်ဆိုင်၏ အပြင်ဘက်တွင် ဒီဇင်ဘာ ၃၁ရက် ညဥ့်သန်းခေါင်ယံအချိန်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ခရစ္စမတ်ကာလတွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ ဌာနချုပ်၊ အစိုးရအဆောက်အအုံများနှင့်အရေးပါသည့်နိုင်ငံတကာဟိုတယ်ကြီးများတွင် လုံခြုံရေး အထူးတင်းကျပ်စွာ ချထားခဲ့သည်။ ယင်းကြားထဲကပင် ဘဂ္ဂဒက်မြို့ စားသောက်ဆိုင်တစ်ဆိုင်တွင် အသေခံကားဗုံးဖောက်ခွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

အပျက်အစီးများ ကြည့်ရှု

ဒီဇင်ဘာ ၃၁ ရက်က ဘဂ္ဂဒက်မြို့ နာဘီလ် စားသောက်ဆိုင်၌ ကားဗုံးပေါက်ကွဲပြီးနောက် ဆိုင်ရှေ့ရှိ အပျက်အစီးများကို ကြည့်ရှုနေကြသည့် အီရတ်နိုင်ငံသားများအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် မြင်ကွင်း

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အနီးရှိ နေအိမ်တစ်အိမ်၏ အပျက်အစီးများကြားမှ အပြင်ဘက်သို့ လှမ်းကြည့်နေသည့် အီရတ်နိုင်ငံသားတစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရဲတပ်ဖွဲ့ဝင် တစ်သောင်းကျော် ချထားသော်လည်း ဘဂ္ဂဒက်မြို့ စားသောက်ဆိုင်၌ ကားဗုံးပေါက်ကွဲ

ခရစ္စမတ်ကာလတွင် အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ ဌာနချုပ်၊ အစိုးရ အဆောက်အအုံများနှင့် အရေးပါသည့် နိုင်ငံတကာ ဟိုတယ်ကြီးများတွင် လုံခြုံရေး အထူးတင်းကျပ်စွာ ချထားခဲ့သည်။

ကြည့်ရှု စစ်ဆေး

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် စားသောက်ဆိုင်မှ ဝန်ထမ်းများက အပျက်အစီးများကို ကြည့်ရှုစစ်ဆေးနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရသူအား ဆေးရုံသို့ ခေါ်ဆောင်

ဘဂ္ဂဒက်မြို့ လူစည်ကားရာလမ်းတစ်ခုတွင် ဒီဇင်ဘာ ၃၁ ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူတစ်ဦးကို ဆေးရုံသို့ပို့ရန် ခေါ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များအား ၂၀၀၄ နှစ်ဦးပိုင်းတွင် တိုက်ခိုက်မှုများပိုမိုပြုလုပ်နိုင်

ဘဂ္ဂဒက် ဇန်နဝါရီ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ စားသောက်ဆိုင်တစ်ခုတွင် ကားဗုံးပေါက်ကွဲမှုကြောင့် နှစ်သစ်ကူးအချိန်အခါသမယ၌ လူငါးဦး သေဆုံးခဲ့ရပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအား ၂၀၀၄ ခုနှစ် ၏နှစ်ဦးပိုင်းတွင် တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာနိုင်သောကြောင့် ကြာသပတေးနေ့မှ စတင်၍ နိုးနိုးကြားကြားနေကြရန် တပ်လှန့်ထားသည်။

ထိခိုက်ဒဏ်ရာရရှိ

ဗုံးပေါက်ကွဲမှုကြောင့် နာဘီလ်စားသောက်ဆိုင်ပျက်စီးသွားပြီး ဆိုင်၏ အပျက်အစီးများနှင့် ကားပျက်မှအစိတ်အပိုင်းများ လမ်းပေါ်သို့ တစ်စစီ ပြန့်ကြဲသွားကာ လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာမှ နိုင်ငံခြားသတင်းထောက်သုံးဦးအပါအဝင် လူ ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းမိုင် ၄၀ ကွာဝေးသည့် ဘာကူဘာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်နှင့် အီရတ်ရဲတပ်ဖွဲ့ဝင် ၄၀၀ တို့က ညတွင်းချင်း စီးနင်းမှုတစ်ရပ် ပြုလုပ်ခဲ့ကာ အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေသည်ဟု သင်္ကာမကင်းခံရသော ခုခံတိုက်ခိုက်ရေး အဖွဲ့ဝင်များကို ရှာဖွေခဲ့ကြသည်။

ပြောကြား

အမေရိကန်တပ်ဖွဲ့ဝင်များက အလိုရှိနေသည့် ပြောက်ကျားခေါင်းဆောင် ၁၁ ဦးအနက် ကိုးဦးကို ထိန်းသိမ်းလိုက်ပြီး အီရတ်ရဲတပ်ဖွဲ့က ၁၆ ဦးကို ထိန်းသိမ်းခဲ့သည်ဟု အမေရိကန် အမှတ်(၄)ခြေလျင်တပ်မ၏ ဗိုလ်မှူးကြီး ဒေးဗစ်ဟော့ဂ်က ပြောကြားသည်။

ဆက်ဒမ်ဟူစိန်အား ဖမ်းဆီးပြီးသော်ငြားလည်း အမေရိကန်တပ်ဖွဲ့ဝင်များအား ဆက်လက်တိုက်ခိုက်တွန်းလှန်ရန် ပြောက်ကျားများက လှုံ့ဆော်ထားရာ နှစ်သစ်ကူးကာလတွင် တိုက်ခိုက်မှုများပြုလုပ်လာမည်ကို အီရတ်ရှိအမေရိကန် တပ်မှူးများက စိုးရိမ်လျက်ရှိသည်။

အင်တာနက်။

ဆက်ဒမ်ဟူစိန်ကို ဖမ်းမိသော်လည်း တိုက်ခိုက်မှုများ ဖြစ်ပွားဆဲ

ဘဂ္ဂဒက် ဇန်နဝါရီ ၁

ဆက်ဒမ်ဟူစိန်ကို ရမိခြင်းဖြင့် တိုက်ခိုက်မှုများ နေ့ကွေးလျော့နည်းသွားမည်လောဆိုသည်ကို မေးမြန်းလျက်ရှိနေစဉ်မှာပင် လမ်းဘေးဗုံးထောင် တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလျက်ရှိသည်။ စနေနေ့က ဖြစ်ပွားခဲ့သည့် ကားဗုံးပေါက်ကွဲမှုကြောင့် အီရတ်များသာမက ဘူဂေးရီးယား၊ ပိုလန်တို့မှ တပ်ဖွဲ့ဝင်များပါ သေဆုံးခဲ့ရသည်။ ဒီဇင်ဘာ ၂၅ ရက်နေ့ တစ်နေ့တည်းမှာပင် တိုက်ခိုက်မှုပေါင်း ၁၈ ခုကိုနှစ်နာရီအတွင်း ကြုံတွေ့ခဲ့ရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် လက်နက်များကို ဖော်ထုတ်နိုင်ရန် မျှော်လင့်ချက်ဖြင့် စီးနင်းရှာဖွေမှုများ ဆက်လက်ပြုလုပ်နေသည်။

အင်တာနက်။

ကျေးလက်တေးဂီတ အကျော်အမော်တစ်ဦး ခရစ္စမတ်တေးသီကုံး အီရတ်စစ်ပွဲအား ဆန့်ကျင်ရေးဖွဲ့ထားသည့် တေးတစ်ပုဒ်ဖြစ်

ဒါးလက်စ် ဇန်နဝါရီ ၁

ကျေးလက်ဂီတ အကျော်အမော် ဝီလီနယ်လ်ဆင်သည် ခရစ္စမတ်သီချင်းတစ်ပုဒ်ကို ပြောင်မြောက်စွာ ရေးသားသီကုံးခဲ့ရာ ၎င်းတေးသီချင်းသည် အီရတ်စစ်ပွဲအား ဆန့်ကျင်သည့် တေးတစ်ပုဒ်ဖြစ်သည်။ ယင်းသီချင်းနားသောတဆင်သူတိုင်း စိတ်အာရုံလှုပ်ရှားစေမည်ဟု မျှော်လင့်မိကြောင်း ဝီလီနယ်လ်ဆင်က ပြောကြားသည်။

အသက်(၇၀)အရွယ်ရှိ ဝီလီနယ်လ်ဆင်က ခရစ္စမတ်နေ့က သတင်းများအား စောင့်ကြည့်နားထောင်ပြီး "ကမ္ဘာတစ်ဝန်းရှိ ငြိမ်းချမ်းရေးအတွက် ဘယ်လိုဖြစ်ဖြစ်" ဆိုသည့် တေးတစ်ပုဒ်ရေးသီကုံးခဲ့သည်။ ထိုသီချင်းကို ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဒင်းနစ္စကူစီနစ်အတွက် ရန်ပုံငွေပွဲအဖြစ် တက္ကဆက်ပြည်နယ် အော်စတင်မြို့တွင် သီဆိုတီးမှုတ်ကြမည် ဖြစ်ကြောင်း နယ်လ်ဆင်က ရိုက်တာသတင်းဌာနအား ပြောကြားသည်။

ယခုရေးဖွဲ့သီကုံးခဲ့သည့် အီရတ်စစ်ပွဲဆန့်ကျင်ရေးဂီတသည် ဗီယက်နမ်စစ်ပွဲကာလက စပ်ဆိုခဲ့သည့် "ဂျင်မီဇ်လမ်း" သီချင်းပြီးနောက် ဒုတိယမြောက်သီချင်းဖြစ်ပြီး မကြာမီက ယင်းသီချင်းကြောင့် နိုင်ငံရေးအရ အငြင်းပွားမှုများပေါ်ပေါက်ခဲ့ရကြောင်းဖြင့် နယ်လ်ဆင်က ပြောကြားသည်။

ဝေဖန်တိုက်ခိုက်

မိမိ၏ တေးသီချင်းသစ်သည် အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ရန် သမ္မတဘုရှ်အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့မှုကိုလည်းကောင်း၊ အီရတ်စစ်ပွဲကို ဆန့်ကျင်ပြောဆိုသူများအား မျိုးချစ်စိတ်ဓာတ်မရှိသူများအဖြစ် အထင်ရောက်နေသူများကို လည်းကောင်း ဝေဖန်ထားကြောင်း နယ်လ်ဆင်က ပြောကြားသည်။

ဖော်ကျူး

အဆိုပါ သီချင်းသည် "ရေနံကလူ့အသက်တစ်ချောင်းထက် တန်ဖိုးရှိသလား" ဟူသည့် စကားလုံးဖြင့် စတင်ဖွင့်လှစ်ထားပြီး "မုသားစကားဆိုသူ၏ စကားသည် မည်သို့တန်ဖိုးရှိမည်နည်း"၊ "ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဖြစ်လိုရာဖြစ်စေ" ဟူသည့် စကားလုံးများဖြင့် သံပြိုင်အပိုဒ်တွင် ဖော်ကြူးထားသည်။

အမ်အင်အေ၊ရိုက်တာ။

လူအစုအပြုံလိုက် သေစေနိုင်သည့်လက်နက်များ ဆက်ဒမ်ဟူစိန်တွင် ရှိသည်ဟုဆိုသော်လည်း ရှာဖွေမတွေ့ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်သည် လူအစုလိုက်အပြုံလိုက် သေစေနိုင်သည့်လက်နက်များကို အမြောက်အမြား ပိုင်ဆိုင်နိုင်သည်ဟု အမေရိကန်တို့က ပြောကြားနေလင့်ကစား ယင်းလက်နက် တစ်စုံတစ်ရာကိုမျှ အီရတ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိပေ။ ဆက်ဒမ်ဟူစိန်သည် စွမ်းရည်မြင့်လက်နက်များ ပိုင်ဆိုင်သည်ဟု အမေရိကန်သမ္မတက စစ်မဖြစ်ခင် တစ်နှစ်ခန့်က ပြောကြားခဲ့သော်လည်း ၂၀၀၃ ခုနှစ် ကုန်ဆုံးသည့် အချိန်ကာလအတွင်း လက်နက်များရှာဖွေမှု တိုးမြှင့်ဆောင်ရွက်နေသော်လည်း လက်နက်များ ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပေ။

စွပ်စွဲ

ထို့ကြောင့် လက်နက်များနှင့်ပတ်သက်ပြီး အမေရိကန်အစိုးရ၏ လုပ်ဆောင်ချက်ကို ဝေဖန်ပြောဆိုမှုများ ဖြစ်ပေါ်ခဲ့ပေသည်။ အီရတ်နိုင်ငံတွင် လက်နက်များ စုစည်းထားသည်ဟု ပြောကြားချက်များ ပျောက်ကွယ်သွားသည်နှင့်အမျှ ထောက်လှမ်းရေးသတင်းများကိုသမ္မတသည် တမင်သက်သက် ချဲ့ကားခဲ့သည်ဟု ဝေဖန်သူများက စွပ်စွဲခဲ့ကြသည်။

ဘုရှ်အစိုးရအဖွဲ့သည် မှားယွင်းသည့်ခေါင်းဆောင်မှု ပေးသူများအဖြစ် သတ်မှတ်ခြင်းခံရကာအမည်းစက်ထင်ခဲ့ပေသည်။

စီအင်န်အင်န်။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ဒီဇင်ဘာ ၃၁ ရက်တွင် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရခဲ့သည့် အီရတ်နိုင်ငံသားတစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးက စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဆေးဝါး ပေါင်းစပ် အသုံးပြုခြင်းဖြင့် ကင်ဆာ ကာကွယ်နိုင်ခြင်းရှိ မရှိ လေ့လာ

လန်ဒန် ဇန်နဝါရီ ၁

အက်စပရင်နှင့် ပြည်တည်နာ တိုက်ဖျက်ရေး နက်ဇီယန်ဆေးဝါး ပေါင်းစပ်စားသုံးခြင်းဖြင့် အစာအိမ်ပြွန်ကင်ဆာဖြစ်ပွားမှုအား ကာကွယ်နိုင်ခြင်း ရှိ၊ မရှိ စူးစမ်းရန် ဗြိတိန်နိုင်ငံမှ သိပ္ပံပညာရှင်များက ဓာတ်ခွဲခန်းစမ်းသပ်ချက်တစ်ရပ်ကို ပြုလုပ်နေကြောင်း တနင်္လာနေ့က ပြောကြားလိုက်သည်။

သန်းပေါင်းများစွာသော လူများသည် ခေါင်းကိုက်၊ အဆစ်ရောင်နာ၊ နှစ်လုံးဖောက်ပြန်မှုနှင့် လေသင်တုန်းရောဂါဝေဒနာများ သက်သာစေရန်အတွက်အက်စပရင်ဆေးဝါးကိုအသုံးပြုကြသည်။ ယခု အချိန်တွင် သုတေသီများက ရာစုနှစ်နှင့်ချီ၍ သုံးလာခဲ့သည့် အဆိုပါ အက်စ်ပရင်ဆေးဝါးသည် ကင်ဆာရောဂါ ဖြစ်ပွားမှုအတွက် ကာကွယ်နိုင်ကြောင်း အကြံဉာဏ်ပေးထားသည်။

ကင်ဆာရောဂါ အန္တရာယ်ရှိသည့် အမျိုးသား ၅၀၀၀ အား ၁၀ နှစ်ကြာ အောင် စမ်းသပ်မှု ပြုမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကင်ဆာ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ရာတွင် အကြီးအကျယ်ဆုံး ဆောင်ရွက်ချက်တစ်ရပ်လည်းဖြစ်မည်။

လူနာများအား ကင်ဆာရောဂါ မဖြစ်ပွားမီနှင့် ကင်ဆာရောဂါ ဖြစ်ပွားမှုတို့အား ကာကွယ်သည့်အနေဖြင့် အက်စပရင်ဆေးအား ပြည်တည်နာ တိုက်ဖျက်ရေးဆေးဝါး ဖြစ်သည့် နက်ဇီယန်ဆေးလုံးနှင့် တွဲဖက်သောက်စေမည်ဖြစ်သည်။

အက်စပရင်ဆေးဝါး သောက်သုံးခြင်း၏ ဆိုးထွက်ဆိုးကျိုးမှာ ဝမ်းဗိုက်ပြည်တည်နာဖြစ်ပွားမည့် အန္တရာယ်မြင့်မားလာခြင်းဖြစ်သည်။ ယင်းကြောင့် သုတေသီများက ပြည်တည်နာ တိုက်ဖျက်ရေးဆေးဝါးနှင့် တွဲဖက်သောက်သုံးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

စောင့်ကြပ်

ဒီဇင်ဘာ ၃၁ ရက်က ဘဂ္ဂဒက်မြို့ လမ်းတစ်လမ်းတွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်ပြည်ထောင်စုတွင် သွေးလွန်တုပ်ကွေးပြန့်ပွား

အတ္တလန်တာ ဇန်နဝါရီ ၁

အမေရိကန်ပြည်ထောင်စုတွင် တုပ်ကွေးရောဂါ ပြန့်ပွားလျက်ရှိပြီး အဆုတ်ရောင်ရောဂါနှင့် တုပ်ကွေးရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ ယခုအခါ ကူးစက်ရောဂါအဆင့်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း ပြည်နယ်ကျန်းမာရေးတာဝန်ရှိပုဂ္ဂိုလ်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထားပြီး တုပ်ကွေးရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ရက်သတ္တပတ် လှုပ်ရှားမှုပြုလုပ်ခဲ့ကြောင်း နယူးယောက်နှင့် ကိုလံဘီယာခရိုင် အပါအဝင် ၄၅ ပြည်နယ်မှ ကျန်းမာရေးဌာနများက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးဒဏ်ရာရ

ကယ်ကွတ် ဇန်နဝါရီ ၁

ဘဂ္ဂဒက်မြို့ဈေးဆိုင်တန်းများရှိရာ လမ်းတစ်လမ်းတွင် အမေရိကန် စစ်ယာဉ်တန်းတစ်ခု ဖြတ်သွားနေစဉ် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့ တပ်ကြပ်ကြီး သာဘတ်တာလဗ်က ပြောကြားသည်။ ထိုကားဗုံးပေါက်ကွဲမှုကြောင့် ဟမ်းဗီးစစ်ကားတစ်စီးပျက်စီးသွားပြီး ရှစ်နှစ်အရွယ် အီရတ်ကလေးတစ်ဦး သေဆုံးကာ လူ ၂၁ဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသူများတွင် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးနှင့် အီရတ်အရပ်ဘက် ကာကွယ်ရေး ငါးဦးတို့လည်းပါဝင်သည်ဟု အာဏာပိုင်များကဆိုသည်။

သဲကွဲစွာ မသိရ

အခင်းဖြစ်ပွားသောကိစ္စတွင် ပေါက်ကွဲသွားသောဗုံးမှာ မည်သည့်ဗုံးအမျိုးအစားဖြစ်သည်ကို သဲကွဲစွာ မသိရသေးဟုအမေရိကန်အမှတ်(၁)သံချပ်ကာတပ်မမှ အကြီးအကဲ ဗိုလ်မှူးချုပ် မာတင်ဒမ်ဆေးက ပြောကြားသည်။

ထို့နေ့ညနေပိုင်းတွင် ဘဂ္ဂဒက်မြို့ စားသောက်ဆိုင်တစ်ဆိုင်အနီးရှိ ချုံများအကြား၌ ဝှက်ထားသော ဗုံးတစ်လုံးသည် အမေရိကန်စစ်ယာဉ်တန်းတစ်ခု ဖြတ်သွားခိုက် ပေါက်ကွဲသွားသည်။ ထိုဖြစ်ရပ်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားသုံးဦးတို့ ဒဏ်ရာရရှိသွားကြသည်။

လုံခြုံရေးတင်းကျပ်

စစ်ဘက်အရာရှိများက အီရတ်တွင် ခရစ္စမတ်ပွဲတော်နေ့ကနည်းတူ နှစ်သစ်ကူးကာလ၌လည်း တိုက်ခိုက်မှုများ ဖြစ်လာစရာရှိကြောင်း အစီရင်ခံမှုများ ပြုလုပ်ခဲ့သည်။ သို့ဖြစ်၍ မြို့တော်တစ်ဝိုက်ရှိ အရေးကြီးသောနေရာများတွင် သံဆူးဝါယာကြိုးများ ကာရံထားပြီး အမေရိကန်တပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင်များကိုတိုးမြှင့်ချထားကာ လုံခြုံရေးတင်းကျပ်ထားခဲ့သည်ဟု ဆိုသည်။

တောင်ပိုင်းရှိ ဘာဆရာမြို့အနီး၌လည်း ဗုဒ္ဓဟူးနေ့က ရိုမေးနီးယားတပ်ဖွဲ့ဝင်များနှင့် ခုခံရေးသမားများအကြား တိုက်ပွဲဖြစ်ပွားရာ ကိုရီးယားတစ်ဦး သေဆုံးခဲ့ကြောင်း ကိုရီးယားသတင်းဌာန ယွန်ဟပ်က သတင်းဖော်ပြသည်။ တောင်ကိုရီးယားနိုင်ငံသည် အီရတ်သို့ ဆေးဘက်ဆိုင်ရာနှင့် အင်ဂျင်နီယာတပ်ဖွဲ့ဝင် ၄၆၅ ဦး စေလွှတ်ထားသည်။ နိုဝင်ဘာလအတွင်းကဖြစ်ပွားသော တိုက်ခိုက်မှု တစ်ခုတွင် တောင်ကိုရီးယားအရပ်ဘက် အင်ဂျင်နီယာနှစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

တစ်ဦးသေဆုံး

အင်္ဂါနေ့ညပိုင်းက ဆီးရီးယားနယ်စပ်အနီးရှိ တန်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၏ သေနတ်မှ မတော်တဆ ကျည်ဆန်ထွက်သွားရာ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရသွားကြောင်းသိရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ စားသောက်ဆိုင် ဗုံးပေါက်ကွဲမှု၌ ဒဏ်ရာရရှိသူတစ်ဦး၏ကျောမှ မှန်ကွဲမှန်စများကို ဆရာဝန်တစ်ဦးက ဆွဲထုတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးတည်ဆောက်ပြီး ချမ်းသာကြွယ်ဝရေး ကြိုးပမ်း နှစ်သစ်ကူးမိန့်ခွန်းတွင် တရုတ်သမ္မတဟူကျင်တောင် တိုက်တွန်း

ဘေဂျင်း ဇန်နဝါရီ ၁

တရုတ်သမ္မတဟူကျင်တောင်က ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးတည်ဆောက်ပြီး သာယာဝပြောမှုအတွက် ကြိုးပမ်းကြရန် ဗုဒ္ဓဟူးနေ့က နှစ်သစ်ကူးမိန့်ခွန်းတွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

နှုတ်ခွန်းဆက်သ

ဟူကျင်တောင်၏ မိန့်ခွန်းကို တရုတ်နိုင်ငံတကာ ရေဒီယို၊ တရုတ်ဗဟို ရေဒီယို အသံလွှင့်ရုံနှင့် တရုတ်ဗဟိုရုပ်မြင်သံကြားအသံလွှင့်အစီအစဉ်များတွင် ဗုဒ္ဓဟူးနေ့ညနေက ထုတ်လွှင့်သွားခြင်းဖြစ်သည်။ ဟူကျင်တောင်က တရုတ်ပြည်သူလူထုနှင့်တစ်ကွ လူမျိုးစုငယ်အုပ်စုများ၊ ဟောင်ကောင်၊ မကာအိုနှင့် ကမ္ဘာတစ်ဝန်းရှိ တရုတ်နိုင်ငံသားများနှင့် မိတ်ဆွေများအားလုံးသို့ နှစ်သစ်ကူးဆုတောင်းအဖြစ် နှုတ်ခွန်းဆက်သလိုက်ခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်သည် တရုတ်ပြည်သူလူထုအတွက် သမားရိုးကျ မဟုတ်သည့် ထူးခြားမှုများနှင့် ကြုံတွေ့ခဲ့ရသောနှစ်ဖြစ်ကြောင်း ဟူကပြောကြားသည်။

အခက်အခဲကြုံတွေ့

တိန့်ရှောင်ဖိန်၏ အတွေးအခေါ်နှင့် အရေးပါသည့် သဘောတရားသုံးရပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တရုတ်ပြည်သူလူထုသည် လူမျိုးစုငယ်များနှင့် တစ်သွေးတည်း တစ်သားတည်းရှိကာ ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါပြန့်ပွားမှု၊ မြေငလျင်လှုပ်မှု၊ ရေလွှမ်းမှု၊ မိုးခေါင်မှုစသည့် သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုများနှင့် အခက်အခဲကြုံတွေ့ရမှုများမှ အောင်ပွဲဆင်နိုင်ခဲ့ကြောင်း ဟူကျင်တောင်က ပြောကြားသည်။

တရုတ်ပြည်သည် ယခုနှစ်အတွင်း ၂၀၀၃ခုနှစ် ပြုပြင်ရေးစီမံကိန်းများနှင့် ဆိုရှယ်လစ်ခေတ်မီရေး အားသွန်လှုပ်ရှားမှုများ မမိုတ်မသုန်ဖော်ဆောင်ခဲ့ကြောင်း၊ တရုတ်ပြည်အနေဖြင့် စီးပွားရေးကဏ္ဍတွင် အလျင်အမြန်တိုးတက်မှုရှိခဲ့ပြီး အခြားသော လူမှုရေးကဏ္ဍများတွင် ဘက်စုံဖွံ့ဖြိုးမှု အရှိန်အဟုန်ကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း ဟူကျင်တောင်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲရာ နေရာအနီးတွင် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင် ၄၈၀ ရှိသွားပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၂

အီရတ်စစ်ပွဲ စတင်ချိန်မှ ဇန်နဝါရီ ၂ ရက်အထိ ကာလအတွင်း သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၄၈၀ ရှိသွားပြီ ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနစာရင်းများက ဖော်ပြသည်။ ၃၂၉ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရပြီး ၁၅၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

အလားတူကာလအတွင်း အီရတ်စစ်မြေပြင်တွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၅၂ ဦး၊ အီတလီ တပ်ဖွဲ့ဝင် ၁၇ ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားငါးဦးနှင့် ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးစီ အသီးသီး သေဆုံးခဲ့ရပြီဖြစ်ကြောင်း အစီရင်ခံစာများအရ သိရသည်။

ဆက်လက်ဖြစ်ပွား

အမေရိကန်သမ္မတက မေ ၁ ရက်တွင် အီရတ်၌တိုက်ပွဲကြီး ပြီးသွားပြီဟု ကြေညာခဲ့သော်လည်း ထိုနေ့နောက်ပိုင်း ဆက်လက်ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် သေဆုံးနေရသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၂၁၄ ဦး ရှိသည်ဟု ဆိုသည်။ အခြားအကြောင်းများကြောင့် သေဆုံးရသူပေါင်းမှာ ၁၂၈ ဦးရှိရာ မေ ၁ ရက်နောက်ပိုင်း ဆက်လက်သေဆုံးရသူတပ်ဖွဲ့ဝင် စုစုပေါင်းသည် ၃၄၂ဦးရှိသွားပြီဖြစ်၏။

ထို့အပြင် အီရတ်စစ်ပွဲတစ်လျှောက်လုံးအတွင်း တိုက်ပွဲများကြောင့် ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၂၃၈၀ ဦးဖြစ်ကာ တိုက်ပွဲနှင့်မသက်ဆိုင်သော အကြောင်းများကြောင့် ဒဏ်ရာရသူတပ်ဖွဲ့ဝင် ဦးရေမှာ ၃၇၃ ဦးရှိကြောင်း စစ်ဘက်စာရင်းများက ဖော်ပြသည်။ *အင်တာနက်။*

ဘဂ္ဂဒက်မြို့ စားသောက်ဆိုင် ဗုံးပေါက်ကွဲမှုဖြစ် လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းထောက်သုံးဦး ဒဏ်ရာရ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁

နှစ်သစ်ကူးအချိန်အခါသမယတွင် လာရောက်မြူးထူးသောက်စားကြသူများနှင့် စည်ကားနေသည့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ အထက်တန်းစားသောက်ဆိုင်တစ်ဆိုင်တွင် အင်အားပြင်းထန်သော ဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများတွင် လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းစာမှ သတင်းထောက်သုံးဦးလည်း ပါဝင်ကြောင်း ယင်းသတင်းစာကြီးက ဖော်ပြလိုက်သည်။

ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူတို့မှာ ရောမမြို့ အခြေစိုက် ဌာနအကြီးအကဲ ထရေစီဝီကင်ဆန်၊ သတင်းထောက်များဖြစ်ကြသည့် အန်းဆင်မွန်းနှင့် ခရစ်ကရောလ်တို့ ဖြစ်ကြသည်။ ၎င်းတို့သုံးဦးစလုံးအား ဘဂ္ဂဒက်ရှိ ဌာနတွင် တာဝန်ပေးထားသည်။ ထိခိုက်ရာရှရာများဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း ကြားသိရသော်လည်း မိမိတို့တွင် ပြည့်စုံသည့် သတင်းအစီရင်ခံစာ မရရှိသေးကြောင်း၊ ၎င်းတို့ သုံးဦးစလုံးအား ဆေးကုသရန် စစ်ဆေးရုံသို့ သယ်ဆောင်သွားကြောင်း စီမံခန့်ခွဲမှုအယ်ဒီတာ ဒင်းဘာကေးက ပြောကြားသည်။

အကြောင်းကြား

ဝီကင်ဆန်သည် ထိခိုက်ဒဏ်ရာရရှိသော်လည်း အခြေအနေကောင်းမွန်ကြောင်း၊ သတင်းစာတိုက်သို့ တယ်လီဖုန်းဖြင့်ဆက်၍ အကြောင်းကြားကြောင်းဖြင့် ဒင်းဘာကေးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

(၇၇) ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

(၇၇)ကြိမ်မြောက် ဆွမ်းကြီးလောင်းလှူပွဲနှင့် ဘုရားဒေသစာရီကြွချီလှည့်လည်ပွဲကို အလုံမြို့နယ် ဝေဘာဂီလမ်းမကြီး၌ ကျင်းပပြီး ဇန်နဝါရီ ၅ ရက်တွင် အရှင်ဆန္ဒာဓိက၊ ဇန်နဝါရီ ၆ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့် ဇန်နဝါရီ ၇ရက်တွင် အရှင်ကောသလ္လတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်။ ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီတွင် ဆွမ်းကြီးလောင်းလှူပွဲ၊ ဇန်နဝါရီ ၁၀ ရက်တွင် မဏ္ဍပ် ၁၅ ခုမှ စတုဒိသာကျွေးမွေးပြီး ဇန်နဝါရီ ၁၁ ရက်တွင် ပင့်သံဃာ ၁၀၈ ပါးအား စာရေးတံမဲများ လောင်းလှူမည်ဖြစ်သည်။ (က-ပ)

မြို့ခြံချော်တာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

နိုင်ငံတော်၏ အေးချမ်းခြင်း၊ တည်ငြိမ်ခြင်းမှသည် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များဆီသို့

တက္ကသိုလ်တင်ခ

ခံ့ညားထည်ဝါစွာ

အရှေ့တောင်အာရှတွင် လေယာဉ်ပြေးလမ်းအရှည်ဆုံးဖြစ်ပြီး ခေတ်မီဘိုးရင်း ၇၄၇-၄၀၀ အရွယ်အစားလေယာဉ်ကြီးများ ဆင်းသက်ဆိုက်ကပ်နိုင်သည့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးကို ခံ့ညားထည်ဝါစွာ ဤသို့တွေ့ရသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများသည် ယနေ့ကာလ၌ မည်သည့်ခေတ်အခါကမျှ မရရှိခဲ့ဖူးသော ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ရရှိခံစားနေရပြီဖြစ်သည်။ ၎င်းမှာ အေးချမ်းခြင်း၊ တည်ငြိမ်ခြင်း၏ အကျိုးရလဒ်များဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီးပွားရေးဘဝကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ခဲ့သည်။ အမျိုးသားစီးပွားရေးမူဝါဒများ ချမှတ်ပြီး ဘက်စုံကဏ္ဍစုံ တိုးတက်ဖြစ်ထွန်းရေးအတွက် အထူးအလေးထားကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။

အဓိကသီးနှံ စပါးကိုအခြေခံပြီး စိုက်ဧကတိုးချဲ့ခြင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် အထွက်တိုး မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း၊ စိုက်ပျိုးရေရရှိရေးတို့ကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်ကစပြီး မူလရည်မှန်းချက်ဖြစ်သည့် တစ်နှစ်စပါးတင်းသန်း ၁၀၀၀ ရရှိလာခဲ့ပြီဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ယခုချိန်ထိ ဆည်မြောင်းတာတမံပေါင်း ၁၅၅ ခုနှင့် ရေမရနိုင်သည့် ဒေသများတွင် မြစ်ရေတင်စီမံကိန်းပေါင်း ၂၆၅ ခုကို တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် မြေဧက နှစ်သန်းကျော် စိုက်ပျိုးဖြစ်ထွန်းလာခဲ့ပေသည်။ ဆည်မြောင်းတာတမံစီမံကိန်း ၄၀ ကို ယခုတည်ဆောက်လျက်ရှိပြီး စီမံကိန်း ၈၄ ခုကိုလည်း ဆက်လက်လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရပေသည်။

မြန်မာနိုင်ငံ နယ်မြေဧရိယာ၏ ၅၂ ဒသမ ၂၈ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းလျက်ရှိသည်။ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ဧက ၃၅ သန်းကျော်နှင့် သဘာဝနယ်မြေဖွဲ့စည်းမှု ဧက သုံးသန်းကျော်အထိ ရှိလာပြီဖြစ်သည်။

အလားတူ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ပြီး ယခုအချိန်တွင် ၁၃ ခရိုင်၌ စိမ်းလန်းစိုပြည်ရေးကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် တိုင်းနှင့် ပြည်နယ်အနှံ့ ပုဂ္ဂလိကကဏ္ဍ၏ စက်မှုဇုန်ကြီး ၁၈ ဇုန်ကို တည်ထောင်ပေးနိုင်ခဲ့သည်။ စက်ရုံသစ် အရွယ်အစားမျိုးစုံ ၂၅၇ မျိုးကို တည်ထောင်ပေးခဲ့ပြီး ပုဂ္ဂလိက စက်ရုံပေါင်း နှစ်သောင်းလေးထောင်ကျော် ဖြစ်ထွန်းလာခဲ့သည်။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ်တွင် စက်ရုံပေါင်း နှစ်သောင်းခုနစ်ထောင်ကျော် ရှိခဲ့ရာက ယခုအခါတွင် စက်ရုံပေါင်း ငါးသောင်းကျော် ရှိနေပြီဖြစ်သည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများစသည့် အခြေခံအဆောက်အအုံများကို ဖြန့်ကြက်တည်ဆောက်ပေးခဲ့ရာ တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရပြီ ဖြစ်ပေသည်။ နိုင်ငံတော်၏ နယ်မြေဒေသ အစိတ်အပိုင်းအားလုံးသည် ယခုအခါ တစ်ဆက်တစ်စပ်တည်း ရှိလာခဲ့ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် လမ်းပေါင်း ၄၆၁ လမ်း၊ လမ်းမိုင်အရှည် ၁၃၆၀၀ မိုင်ရှိခဲ့ရာမှ ယခုအခါ လမ်းသစ် ၅၅ လမ်း၊ လမ်းမိုင်ပေါင်း ၂၀၀၀ ခန့် အသစ်တိုးချဲ့ ဖြစ်ထွန်းလာပြီဖြစ်သည်။ တံတားများအနေနှင့် ကြည့်လျှင် ၁၉၈၈ ခုနှစ်မတိုင်မီက ဧရာဝတီမြစ်ကူးတံတားတစ်စင်း၊ စစ်တောင်းမြစ်ကူးတံတားတစ်စင်းသာ ရှိခဲ့ရာမှ ယခုအခါ ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားနှစ်စင်း၊ သံလွင်မြစ်ကူးတံတား သုံးစင်း အပါအဝင် ပေ ၁၈၀ အထက် မြစ်ကူးတံတားပေါင်း ၁၇၄ စင်း အသစ်ပေါ်ထွန်းလာခဲ့ပြီး ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရလက်ထက်တွင် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ခဲ့ရာ ရွှေညောင်-ရပ်စောက် ရထားလမ်း၊ အောင်ပန်း-ပင်လောင်း-လွိုင်ကော်ရထားလမ်း၊ ရွှေညောင်-နမ့်စန်ရထားလမ်း ၊ နမ့်စန်-မိုးနဲရထားလမ်းစသည့် ရှမ်းပြည်နယ်ရှိ ရထားလမ်းသစ်များ၊ အဆင့်မြင့် ဥမင်လိုဏ်ခေါင်းကို ဖြတ်ဖောက်သည့် ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းနှင့် ရိုးမပတ်ရထားလမ်းစသည့် ရထားလမ်းသစ်များကို အချက်အချာကျသည့် ဒေသများနှင့် ဆက်စပ်ဖောက်လုပ် ပေးခဲ့သည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် ရထားလမ်း ခရီးမိုင်ပေါင်း ၁၉၇၆ မိုင်ကျော်သာရှိရာမှ ယခုအခါ ရထားလမ်း မိုင်ပေါင်း ၁၀၁၂ မိုင်ကျော် တိုးတက်လာသည့်အတွက် နိုင်ငံတော်အတွင်း ရထားလမ်းခရီးမိုင် ၃၀၀၀ နီးပါးခန့် ရှိလာပြီဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်းလေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေး ကဏ္ဍများသည်လည်း ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် လေယာဉ်ကွင်း ၂၁ကွင်းသာရှိခဲ့ရာမှ ယခုအခါ ၂၇ကွင်းအထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ယခင်က ဂျက်လေယာဉ်ကွင်း ခြောက်ကွင်းသာရှိခဲ့ရာမှ ယခုအခါ ၁၈ ကွင်း ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသည့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းသစ်များကို အသုံးပြုပြီး နိုင်ငံတကာဆက်သွယ်ရေးစနစ် ကွန်ရက်တွင် လိုက်လျောညီထွေချိတ်ဆက်ထားနိုင်ပြီဖြစ်ပေသည်။ ထို့အပြင် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Data Communication, e-Mail, Internet, Intranet တို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ရေအားလျှပ်စစ်စက်ရုံများ၊ ရေနွေးငွေ့သုံးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၊ ဒီဇယ်ဆီသုံးစက်ရုံများ တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်က လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်းနှစ်ထောင်ကျော်ရှိခဲ့ရာမှ ယခုအခါ ယူနစ်သန်းပေါင်းငါးထောင်ကျော် အသုံးပြုနိုင်ပြီ ဖြစ်သည့်အတွက် ၂ ဒသမ ၂၇ ဆ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ရေအားလျှပ်စစ်စီမံကိန်း ၂၈ ခုနှင့် သဘာဝဓာတ်အားပေးစက်ရုံ စီမံကိန်းခြောက်ခုကို တိုးချဲ့တည်ဆောက်ပေးပြီးဖြစ်သည်။ ၂၈၀ မဂ္ဂါဝပ်ထုတ်လုပ်မည့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ၇၈၀ မဂ္ဂါဝပ်ထုတ်လုပ်မည့် ရဲရွာရေအား လျှပ်စစ်စီမံကိန်းအပါအဝင် ဓာတ်အားပေးစက်ရုံစီမံကိန်း ၁၁ ခုကို တည်ဆောက်နေပြီဖြစ်၍ အဆိုပါစီမံကိန်း ၁၁ ခု အကောင်အထည်ဖော်ပြီးသည့်အခါ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၉၆၀ ကျော် ထပ်မံထွက်လာမှာဖြစ်ကြောင်း သိရပေသည်။

ပညာရေးကဏ္ဍ၌ ၁၉၈၈ ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ ကျောင်းရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် အခြေခံပညာကျောင်း ၄၀၀၉၉ ကျောင်းအထိ တိုးတက်လာခဲ့သည်။ မူလတန်းလွန်ကျောင်းများ တီထောင်ဖွင့်လှစ်ပေးခဲ့သည်မှာ ယခုဆိုလျှင် ကျောင်းပေါင်း ၃၈၀၀ ရှိနေပြီဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုတွင် တက္ကသိုလ်၊ ကောလိပ်များ ဖြန့်ကြက်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၅၄ ခုအထိ ဖွင့်လှစ်နိုင်ပြီဖြစ်ပေသည်။ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းသားပေါင်း တစ်သိန်းသုံးသောင်းကျော်ရှိခဲ့ရာမှ ယခုဆိုလျှင် ရှစ်သိန်းကိုးသောင်းကျော်ရှိနေပြီဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဒီပလိုမာဘွဲ့ အပါအဝင် ဘွဲ့အမျိုးအစားပေါင်း ၁၅၀ အထိ တိုးချဲ့သင်ကြားပေးနေပြီဖြစ်သည်။

ဆေးတက္ကသိုလ်များတွင်လည်း မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ၉၀ မျိုး၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ၇၃ မျိုးကိုလည်း တိုးချဲ့သင်ကြားပေးလျက်ရှိသည်။

နည်းပညာကဏ္ဍတွင် နည်းပညာတက္ကသိုလ်လေးခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်တစ်ခု၊ ရေကြောင်းပညာ တက္ကသိုလ်တစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ ခု၊ အစိုးရကွန်ပျူတာကောလိပ် ၂၄ ခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ကိုးခုအထိ တိုးတက်ဖြစ်ထွန်းလာပြီ ဖြစ်ပေသည်။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရန် အလေးထားဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကို ကြည့်မည်ဆိုပါက ၁၉၈၈ ခုနှစ်တွင် ဆေးရုံပေါင်း ၆၁၇ရုံသာ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၇ ရုံရှိလာပြီဖြစ်သည်။ ဒေသန္တရဆေးပေးခန်း ၈၄ခုနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၄၁၄ခုကို တစ်နိုင်ငံလုံးဖြန့်ကြက်ဖွင့်လှစ်ထားပြီဖြစ်သည်။ ဆေးရုံအသစ် ၁၄၀ တိုးပွားလာခဲ့ပြီး ဆေးရုံ ၁၁၄ ရုံကို ခုတင် ၂၅ ခုတင်ဆံ့မှ ခုတင် ၃၀၀ ဆံ့အထိ အဆင့်ဆင့်တိုးမြှင့်ပေးနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်က ဆေးပညာတက္ကသိုလ် လေးခုသာရှိခဲ့ရာမှ ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် ဆေးပညာတက္ကသိုလ် ၁၄ခုအထိ ဖွင့်လှစ်ပေးပြီးဖြစ်သည်။

နိုင်ငံတော်သည် ကဏ္ဍစုံမှ ညီညီမျှမျှ ဖွံ့ဖြိုးလာအောင် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့် အားလျော်စွာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး၊ ပညာရည်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေး၊ ကျေးလက်ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ရေးစသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်း၍ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် တောတွင်းလက်နက်ကိုင် (၁၇)ဖွဲ့သည် နိုင်ငံတော်၏ စေတနာကို နားလည်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီး မိမိတို့ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားတက်သရောလုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ဤသို့ဖြင့် မည်သည့်အခါကမျှ မရရှိခဲ့ဖူးသော အေးချမ်းခြင်း၊ တည်ငြိမ်ခြင်းကို ရရှိခဲ့သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အေးချမ်းခြင်း၊ တည်ငြိမ်ခြင်း၏ အကျိုးရလဒ်အဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် လူမှုစီးပွားရေးဘဝ ကဏ္ဍအသီးသီးတွင် အသီးအပွင့် များစွာကို ယခုအခါ ရရှိခံစားနေကြရပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

နှုတ်ခွန်းဆက် စကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား



❐ ရှေ့ဖုံးမှ

တွေ့မြင်နိုင်မှာဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းဆူပူ သောင်းကျန်းမှုသည်လည်း ချုပ်ငြိမ်းလုနီးပါးဖြစ်နေပြီး နိုင်ငံ၏ ဒေသအသီးသီးမှာရှိကြသည့် ပြည်သူများသည်လည်း ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ခံစားနိုင်ပြီဖြစ်ကြောင်း။

စိန်ခေါ်မှုများကျော်လွှားနိုင်

စီးပွားရေးကဏ္ဍကို ကြည့်လျှင်လည်း မြန်မာနိုင်ငံသည် ပြည်ပဖိအားပေးမှုများကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ပြီး သိသာထင်ရှားသော တိုးတက်အောင်မြင်မှုများကို ရရှိနိုင်ခဲ့ကြောင်း၊ နိုင်ငံစီးပွားရေး၏ ကျောရိုးသဖွယ်ဖြစ်သည့် လယ်ယာကဏ္ဍ၌ အရည်အသွေးအရလည်းကောင်း၊အရေအတွက်အရလည်းကောင်း တိုးတက်အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်အတွင်း လယ်ယာကဏ္ဍတွင် အထူးခြားဆုံး ဖြစ်ရပ်တစ်ခုမှာ ဆန်စပါးနှင့်ပတ်သက်ပြီး လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်ခဲ့သည့်အတွက်လည်း ဈေးကွက်စီးပွားရေးကို ပိုမိုခိုင်မာစေသည်ဟု ဆိုနိုင်ကြောင်း၊ ပဏာမကိန်းဂဏန်းများအရ မြန်မာနိုင်ငံကို လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေသည် ပိုမိုတိုးတက်လာလျက်ရှိပြီး နယ်စပ်မှတစ်ဆင့် ဝင်ရောက်လာသူများ၏ အရေအတွက်မှာလည်း ၂၀၀၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်ဟု ဆိုနိုင်ကြောင်း။

အလားတူစွာပင် လူမှုရေးကဏ္ဍ၊ အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၌ ထူးခြားသောအောင်မြင်တိုးတက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍမှာဆိုလျှင် ၂၀၀၃ ခုနှစ် တစ်နှစ်ထဲ၌ ဆေးရုံသစ်ပေါင်း ၂၂ရုံ ဖွင့်လှစ်နိုင်ခဲ့ပြီး ရှိပြီးသား ဆေးရုံခြောက်ရုံကိုလည်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ပြောရမည်ဆိုလျှင် ၂၀၀၀ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရှိ စာတတ်မြောက်သူ ဦးရေသည် ၉၁ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ၉၂.၃၁သမ၂ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း။

နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု

နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်ပြီး ထူးခြားသောဖြစ်ရပ်တစ်ခုမှာ စည်းကမ်းပြည့်ဝသော ခေတ်မီပြီး ဒီမိုကရေစီကျသည့် နိုင်ငံတော်သစ်ဆီကို ချောမွေ့စွာကူးပြောင်းနိုင်ရေးအတွက် အစီအစဉ်တစ်ရပ် ချမှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဩဂုတ်လ၃၀ရက်တွင် မိမိအနေဖြင့် ဒီမိုကရေစီစနစ်ကို ကူးပြောင်းရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်နိုင်ခဲ့ကြောင်း၊ အဆွေတော်များသိရှိသည့်အတိုင်း ထိုမူဝါဒလမ်းစဉ်ခုနစ်ရပ်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေးအတွက် အမျိုးသားညီလာခံ ပြန်လည်ကျင်းပခြင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ်ကို အတည်ပြုခြင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးချယ်တင်မြှောက်ပွဲများ ပြုလုပ်ခြင်း၊ လွှတ်တော်များ ကျင်းပခြင်းနှင့် အနာဂတ်တွင် နိုင်ငံတော်ကိုဦးဆောင်သွားမည့်နိုင်ငံတော်အကြီးအကဲများအား ရွေးချယ်တင်မြှောက်ခြင်း၊ အစိုးရအဖွဲ့နှင့် အခြားဗဟိုအာဏာပိုင်အဖွဲ့များ ဖွဲ့စည်းခြင်းတို့ ပါဝင်ကြောင်း၊ ထိုရှေ့ဆက်သွားမည့် လမ်းစဉ်ခုနစ်ရပ်ကို မြန်မာနိုင်ငံပြည်သူများက လှိုက်လှဲစွာ ကြိုဆိုခဲ့သလို အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံမှာလည်း အာဆီယံခေါင်းဆောင်များ၏ ချီးကျူးထောက်ခံမှုကို ရရှိခဲ့ကြောင်း။

စတင်လုပ်ဆောင်နေ

ယခုအခါ ထိုလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သော အဓိကအဖွဲ့အစည်း သုံးဖွဲ့ဖြစ်သည့် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံ လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စီမံခန့်ခွဲမှုကော်မတီများကို ဖွဲ့စည်းခဲ့ပြီး ထိုကော်မရှင်နှင့် ကော်မတီများသည် အမျိုးသားညီလာခံကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး၁၀၀ကျော်နှင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရာတွင် တူညီဆန္ဒရရှိရန်မှာ အရေးအကြီးဆုံးဖြစ်ကြောင်း၊ မိမိအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာစေရန်နှင့် သက်ဆိုင်ရာဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်ဆိုသည့်ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလူမျိုးများ နေထိုင်သည့် တိုင်းနှင့်ပြည်နယ်များကို ကျယ်ကျယ်ပြန့်ပြန့် သွားရောက်ခဲ့ကြောင်း။

မိမိအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့အနက် ခြောက်ဖွဲ့မှခေါင်းဆောင်များနှင့်များမကြာမီက တွေ့ဆုံခဲ့ရာတွင် ထိုခြောက်ဖွဲ့စလုံးက ရှေ့ဆက်သွားမည့် လမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုကြောင်းနှင့် အမျိုးသားညီလာခံတွင် ပါဝင်ရန်ဆန္ဒရှိကြောင်း အတည်ပြုပြောကြားခဲ့ကြောင်း၊မိမိအနေဖြင့် ကျန်အဖွဲ့များနှင့်လည်း ဆက်လက်တွေ့ဆုံသွားမှာဖြစ်ကြောင်း။

သန္နိဋ္ဌာန်ချထား

မိမိတို့သည် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို မဖြစ်မနေအကောင်အထည်ဖော်သွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ကြောင်း၊ မိမိတို့၏ဆောင်ရွက်ချက်နှင့်ပတ်သက်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်မှာရှိသည့် မိတ်ဆွေများ၏ နားလည်စာနာမှုနှင့် ထောက်ခံမှုတို့ကို ဆက်လက်ရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ နိုင်ငံရေးရည်ရွယ်ချက်များဖြင့် ပြင်ပက မြန်မာနိုင်ငံအပေါ် ဖိအားပေးရန် ကြိုးစားမည်ဆိုလျှင် ဤလုပ်ငန်းစဉ်သည် မကြာသင့်ဘဲ ပိုမိုအချိန်ကြာမြင့်သွားနိုင်သည်ဟုလည်း ပြောနိုင်ကြောင်း။

နိုင်ငံတကာနယ်ပယ်ကို ကြည့်လျှင်လည်း မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ပေါ်ရေးကို အကျိုးပြုစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာပတ်ဝန်းကျင် ပေါ်ထွန်းရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ မိမိတို့အားလုံး အတူတကွ လက်တွဲကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာကြွယ်ဝရေးနှင့် ဒေသတွင်းရှိနိုင်ငံများအားလုံး ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှု ရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာပဲ ဖြစ်ကြောင်း။

ယခုနှစ်အတွင်းတွင် မြန်မာနိုင်ငံနှင့် ဒေသတွင်းရှိ နိုင်ငံများ၏ ဆက်ဆံရေးသည် သိသာထင်ရှားစွာ တိုးတက်လာသည်ကို ဝမ်းမြောက်စွာ တွေ့မြင်နိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံများသို့ တရားဝင်ချစ်ကြည်ရေး ခရီးများ သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ဆားစ်ရောဂါနှင့် ပတ်သက်သည့် အာဆီယံထိပ်သီးညီလာခံကိုလည်း တက်ရောက်ခဲ့ကြောင်း။

အလားတူစွာပင် မိမိတို့သည် ထိုင်းနိုင်ငံမှ သီရိဒုံမင်းသမီး၊ ဝန်ကြီးချုပ်ဒေါက်တာ သက်ဆင်ရှင်နာဝပ်၊ ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်ဘီဂမ်ခါလီဒါဇီယာ၊ တရုတ် ဒုတိယဝန်ကြီးချုပ် လီလန်ချင်းနှင့် အိန္ဒိယ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်း ရှေခါဝပ် တို့ကို မြန်မာနိုင်ငံမှာ ဧည့်ခံကြိုဆိုခွင့် ရရှိခဲ့ကြောင်း။

မိမိအနေဖြင့်လည်း ဘာလီ၌ အောက်တိုဘာလက ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့် ဒီဇင်ဘာလအတွင်းက ဂျပန်နိုင်ငံတိုကျိုမြို့၌ ကျင်းပခဲ့သည့် အာဆီယံ-ဂျပန် ထိပ်သီးညီလာခံတို့ကို တက်ရောက်နိုင်ခဲ့ကြောင်း။

သမိုင်းမှတ်တိုင်

မြန်မာနိုင်ငံ၏ နိုင်ငံတကာလှုပ်ရှားမှုထဲတွင် သမိုင်းမှတ်တိုင်တင်ရမည့်ဖြစ်ရပ် တစ်ခုမှာ နိုဝင်ဘာလအတွင်းမှာ ကမ္ဘောဒီးယား၊လာအို၊ မြန်မာနှင့်ထိုင်းနိုင်ငံလေးနိုင်ငံထိပ်သီးညီလာခံကို ပုဂံမြို့၌ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံများ၏ ယှဉ်ပြိုင်နိုင်မှု စွမ်းအားမြှင့်တင်ရေး၊ နယ်စပ်ဒေသများ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပေါ်ထွန်းရေး၊ အလုပ်အကိုင်များ ပိုမိုရရှိရေးနှင့် ဝင်ငွေကွာဟမှုလျော့ပါးရေးတို့ကို ရည်ရွယ်ထားသည့် လေးနိုင်ငံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာကို ချမှတ်နိုင်ခဲ့ကြောင်း။

၂၀၀၃ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံသည် အာဆီယံ၊ဘင်းမ်စတက် အစရှိသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာ ပါဝင် ဆောင်ရွက်ခဲ့ကြောင်း။

၂၀၀၃ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တို့၏ ပူးပေါင်း ဆောင်ရွက်မှုသည်လည်း ရှင်သန်လျက်ရှိသည်ဟု ဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ပါမောက္ခ ပေါလိုဆာဂျီယို ပင်ဟေးရိုးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်သံအမတ်ကြီး ရာဇာလီအစ္စမိုင်းလ်တို့လာရောက်မှုများကို လက်ခံခဲ့ကြောင်း။

ကြိုဆိုလျက်ရှိ

မိမိတို့အနေဖြင့် လာမည့်နှစ်ကို ယုံကြည်မှုအပြည့်အဝဖြင့် ကြိုဆိုလျက်ရှိကြောင်း၊ ၂၀၀၄ခုနှစ်တွင် အမျိုးသားညီလာခံလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး သိသာထင်ရှားသောဖြစ်ပေါ်မှုများ ပေါ်ထွန်းလာမှာဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် ဤလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ မိမိတို့၏ လိုလားတောင့်တချက်မှာ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို ထင်ဟပ်ပြီး ပြည်သူများ၏ ဆန္ဒနှင့်လည်းကိုက်ညီသည့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးပဲဖြစ်ကြောင်း၊ ၂၀၀၄ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ပိုမိုလျင်မြန်စွာ တိုးတက်လာပြီး လူမှုရေးအခြေအနေများလည်း ပိုမိုကောင်းမွန်ကာ ပြည်ပရှိ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း ပိုမိုကျယ်ပြန့်လာလိမ့်မည်ဟု မိမိတို့မျှော်လင့်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးမှာလည်း ပိုမိုတိုးတက်ခိုင်မာလာစေရန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ကျေးဇူးတင်ရှိ

အဆွေတော်များအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုတိုးတက်ခိုင်မာလာစေရန်အတွက် စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း၊ ထိုကဲ့သို့ပင် ကုလသမဂ္ဂအေဂျင်စီများမှ အကြီးအကဲများအနေဖြင့်လည်း မြန်မာနိုင်ငံနှင့်နိုင်ငံတကာအဖွဲ့အစည်းများအကြား ဆက်ဆံရေးတိုးတက်လာအောင် လုပ်ဆောင်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုကြောင်း။

သံရုံးအကြီးအကဲများဖြစ်ကြသည့် အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံတွင် မိမိတို့နိုင်ငံများကို ကိုယ်စားပြုရုံသာမက တစ်နည်းအားဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာကို ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားများဖြစ်သည်ဟု ခံယူကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေမှန်များ၊ စိန်ခေါ်မှုများ၊ ကြိုးပမ်းမှုများနှင့် အနာဂတ်မျှော်လင့်ချက်များနှင့် ပတ်သက်ပြီးကမ္ဘာက ပိုမိုနားလည်သဘောပေါက်စေရေးမှာ အဆွေတော်တို့သည် များစွာအရေးပါကြောင်း၊ ဤကဏ္ဍနှင့်ပတ်သက်ပြီး အဆွေတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို မိမိတို့အနေဖြင့် ကြိုဆို အသိအမှတ်ပြုသကဲ့သို့ ယခုနှစ်သစ်မှာလည်း ထိုသို့ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ရရှိလိမ့်မည်ဟုယုံကြည်ပါကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂအေဂျင်စီကိုယ်စားလှယ်များနှင့် ၎င်းတို့၏ မိသားစုများအားလုံး၊ ၎င်းတို့ကိုယ်စားပြုသည့် နိုင်ငံများနှင့် အဖွဲ့အစည်းများအားလုံး နှစ်သစ်တွင် အောင်မြင်မှုအဝဝ ရရှိပါစေဟု ဆုမွန်တောင်းပါကြောင်းဖြင့်ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက၊ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး Mr. Simon Tensing de Cruz က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

သမိုင်းတစ်ခေတ် နိုင်ငံသစ်ဆီသို့

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ မြင့်မား…

ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အနာဂတ်မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်တည်လာရေးအတွက် အမျိုးသားလူ့စွမ်းအားမြင့်မားရေးကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ တစ်နည်းအားဖြင့် မျက်မှောက်ခေတ်နှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေအရပ်ရပ်ကို ရင်ဆိုင်နိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးသည် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးပေါ်တွင် အခြေခံလျက်ရှိသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော အရည်အချင်းမြင့်မားသည့် လူ့စွမ်းအား ဖွံ့ဖြိုးမှု အစီအစဉ်များကို အမျိုးသား ပညာရည်မြင့်မားရေး အထူးစီမံကိန်းတစ်ရပ် ရေးဆွဲ၍ဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံကိန်းအရ ပညာရေးဝန်ကြီးဌာနက အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍကို တာဝန်ယူ အကောင်အထည်ဖော်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက အင်ဂျင်နီယာပညာ၊ ကွန်ပျူတာပညာစသော နည်းပညာများ တိုးတက်ရေးအတွက် ဆောင်ရွက်နေသကဲ့သို့ အခြားဝန်ကြီးဌာနများကလည်း သက်ဆိုင်ရာဘာသာရပ်များကို အဆင့်မြင့်ပညာကဏ္ဍတွင် တိုးချဲ့ သင်ကြားပေးလျက်ရှိသည်။

နိုင်ငံနှင့်အဝန်း တစ်ပြေးညီသော ပညာသင်ကြားရေးအခွင့်အလမ်းများရနိုင်စေရန် တက္ကသိုလ်နှင့် ကောလိပ်များ စုစုပေါင်း ၁၅၄ ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး ခေတ်မီနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် ရေကြောင်းပညာတက္ကသိုလ်နှင့် လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်များကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယင်းအပြင် ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင်လည်း မဟာဘွဲ့၊ ပါရဂူဘွဲ့များကိုတိုးမြှင့်သင်ကြားပေးနိုင်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနက တာဝန်ယူထားသော တက္ကသိုလ်များတွင် ဘာသာရပ်အမျိုး ၂၀ ကို ပါရဂူဘွဲ့အထိ လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တာဝန်ယူထားသော တက္ကသိုလ်များတွင် အင်ဂျင်နီယာအသုံးချသိပ္ပံနှင့် ကွန်ပျူတာဘာသာရပ်များကို ပါရဂူဘွဲ့အထိလည်းကောင်း တိုးမြှင့်သင်ကြားလျက်ရှိသည်။

အခြေခံပညာကဏ္ဍ၌ ၁၉၈၈ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ ကျောင်းရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် အခြေခံပညာကျောင်း ၄၀၀၄၉ ကျောင်းအထိ တိုးတက်လာခဲ့သည်။ မူလတန်းလွန်ကျောင်းများ တီထွင်ဖွင့်လှစ်ပေးခဲ့သည်မှာ ယခုဆိုလျှင် ကျောင်းပေါင်း ၃၈၀၀ရှိနေပြီဖြစ်သည်။

အဆင့်မြင့် ပညာကဏ္ဍအနေဖြင့် ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခုတွင် တက္ကသိုလ်၊ ကောလိပ်များ ဖြန့်ကြက်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၅၄ ခုအထိ ဖွင့်လှစ်နိုင်ပြီ ဖြစ်ပေသည်။ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းသားပေါင်း တစ်သိန်းသုံးသောင်းကျော်ရှိခဲ့ရာမှ ယခုဆိုလျှင် ရှစ်သိန်းကိုးသောင်းကျော်ရှိနေပြီဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် မဟာဘွဲ့၊ ပါရဂူဘွဲ့၊ အပါအဝင် ဘွဲ့အမျိုးအစားပေါင်း ၁၅၀ အထိ တိုးချဲ့သင်ကြားပေးနေပြီဖြစ်သည်။

ဆေးတက္ကသိုလ်များတွင်လည်း မဟာဘွဲ့နှင့် ပါရဂူဘွဲ့များ၊ နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့များကို တိုးချဲ့သင်ကြားပေးလျက်ရှိသည်။

နည်းပညာကဏ္ဍတွင် နည်းပညာတက္ကသိုလ် လေးခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်တစ်ခု၊ ရေကြောင်းပညာတက္ကသိုလ် တစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ ခု၊ အစိုးရကွန်ပျူတာကောလိပ် ၂၄ ခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကိုးခုအထိ တိုးတက်ဖြစ်ထွန်းလာပြီ ဖြစ်ပေသည်။

ဤသို့အားဖြင့် နိုင်ငံတော်၏ မျက်မှောက် သမိုင်းခေတ်သည် အနာဂတ်နိုင်ငံတော်သစ်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာစေရန် အခြေခံကျသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပျိုးထောင်မွေးထုတ်လျက်ရှိသည်။ စင်စစ် မြန်မာနိုင်ငံသည် မြေသယံဇာတ အရင်းအမြစ်၊ ရေသယံဇာတ အရင်းအမြစ်များရှိပြီးဖြစ်ရာ ယင်းသယံဇာတအရင်းအမြစ်များအား ဖော်ထုတ်သုံးစွဲနိုင်သော ခေတ်မီအတတ်ပညာ၊ နည်းပညာပိုင်းတွင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က ပညာရေးကဏ္ဍ၌ စွမ်းဆောင်ရည်များ မြင့်မားစေရန် မြှင့်တင်ပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး သားဖွားမီးယပ်အဆောက်အအုံကို တွေ့ရစဉ်။

မကွေးတက္ကသိုလ်

နိုင်ငံနှင့်အဝန်း ပညာသင်ကြားရေး အခွင့်အလမ်းများ တစ်ပြေးညီရနိုင်စေရန် တက္ကသိုလ်နှင့် ကောလိပ်စုစုပေါင်း ၁၅၄ ခု ဖွင့်လှစ်ပေးထားသည့်အနက် တစ်ခုအပါအဝင်ဖြစ်သော မကွေးတက္ကသိုလ်ကို တွေ့ရစဉ်။

ထို့ကြောင့်လည်း နိုင်ငံတော် အစိုးရသည် နိုင်ငံတော်၏လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို ချမှတ် လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် အစိုးရသည် ပညာရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်နိုင်ရေး အတွက် နိုင်ငံတကာ အဆင့်မီပညာရပ်များကို တိုးချဲ့သင်ကြားရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တိုင်းရင်းသား ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဘက်စုံကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံနှင့်အဝန်း ကျန်းမာရေး စောင့် ရှောက်မှု ပေးနိုင်ရန် ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ခွဲစိတ်ကုသ

နိုင်ငံခြားခွဲစိတ်ကုပညာရှင်များနှင့် မြန်မာနိုင်ငံ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ တပ်မတော် ဆေးရုံကြီးတွင် အတူပူးပေါင်း၍ နှလုံးရောဂါ ခွဲစိတ်ကုသမှု ဆောင်ရွက်နေကြစဉ်။

ယင်းသို့အားဖြင့် ၁၉၈၈ ခုနှစ်တွင် ဆေးရုံပေါင်း ၆၁၇ရုံ ရှိရာမှ ယနေ့ကာလတွင် ၇၅၇ အထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဖြစ်သကဲ့သို့ နယ်စပ်ဒေသများတွင်လည်း ဆေးရုံ ၁၃ရုံနှင့် တိုက်နယ် ဆေးရုံ ၃၇ရုံကို ဖွင့်လှစ်ပေးခဲ့ သည်။ နိုင်ငံနှင့်အဝန်း ဆေးပေး ခန်းပေါင်း ၄၂၉ခန်း၊ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၄၁၄ဌာန၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန ၃၄၈ ဌာန၊ ဒေသန္တရကျန်းမာရေးဌာန ၈၄ဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့ ၈၀၊ တိုင်းရင်းဆေးခန်း ၂၁၄ ခန်း တို့ကို ဖွင့်လှစ်ပြီး

တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေ…
အကောင်အထည်ဖော် ဆောင်ရွက်လု…
တိုင်းရင်းသားပြည်သူတို့၏ ကျန်း…
စဉ်ဆက်မပြတ် လက်ဆင့်ကမ်းသင်…
ထုတ်ရေးအတွက်ဆေးနှင့် ကျန်းမာရေ…
တိုးချဲ့ဖွင့်လှစ် ပေးလျက်ရှိရာ ၁၉၈၈ ခု…
သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တ…
ဆေးတက္ကသိုလ် ငါးခုနှင့် သွားဘက်ဆို…
တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ပြင် သူန…
ကျွမ်းကျင်မှု တက္ကသိုလ် နှစ်ခု၊ …
နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ် …
ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ အလားတူပင် …
၁၉၈၈ ခုနှစ်က သူနာပြု သင်တန်းပေ…
ကာလတွင် ၄၃ ကျောင်းအထိ တို…
ဆေးတက္ကသိုလ်များတွင် သာမန်ဆေ…
တွေ့ပါရဂူသင်တန်း ခုနစ်မျိုး၊ ဆေ…
မျိုး၊ ဆေးပညာဒီပလိုမာ သင်တန်းခြေ…
ဆေးဝါးဆိုင်ရာ ဒီပလိုမာသင်တန်း …
သင်ကြားပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများအား ကျ…
တွင် ဆေးဝါးကုသမှုအရည်အသွေးမြ…
ဆေးရုံများ၌ အထူးကုဘာသာရပ်ခြေ…
ဆရာဝန်ကြီးများ၊ ပြည်နယ်တိုင်းဆေးရုံ…
၁၂မျိုးအတွက် အထူးကုဆရာဝန်ကြီး…
သည်။ ဆေးရုံများတွင် ခေတ်မီကုသမှု…
များဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းဖြင့် ကုသမှ…
နှလုံးခွဲစိတ်ခြင်း၊ ကျောက်ကပ်အစားထိုး…
စွာ ဆောင်ရွက်နိုင်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ဆေးပညာဆိုင်…
နှင့်အမျှ ကျန်းမာရေးကဏ္ဍတွင် ထူ…
များကို အောက်ဖော်ပြပါဇယားဖြင့် မှ…

အကြောင်းအရာ
ကိုယ်ခန္ဓာချင်းဆက်အမြွှာ
ခွဲစိတ်ကုသအောင်မြင်မှု
ကျောက်ကပ်အစားထိုး
ခွဲစိတ်ကုသအောင်မြင်မှု
လက်ပိုင်းဆိုင်ရာ
ခွဲစိတ်ကုသအောင်မြင်မှု
စုစုပေါင်း

မြန်မာနိုင်ငံတွင်ဖြစ်ပွားတတ်သေ…
ရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ အိုင်အို…
အကြောသေ ရောဂါများ လုံးဝပပျော…

ပါး

...ကျ မြင့်မားတိုးတက်လာသော ပြည်သူ့ဘဝ

သတင်းထောက် – စိုးသိန်း

မြန်မာနိုင်ငံတွင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဘဝ အဆင့်အတန်းမြင့်မားလာရေးနှင့် မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်းများအား ပံ့ပိုးကူညီရန်ဖွဲ့စည်းခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ မိခင်နို့ စနစ်တကျတိုက်ကျွေးရေး၊ ကလေးများကာကွယ်ဆေးထိုးခြင်း၊အာဟာရတိုက်ကျွေးခြင်း၊ တီဘီ ရောဂါတိုက်ဖျက်ရေး၊ အနာကြီးရောဂါ တိုက်ဖျက်ရေး၊ နှာခေါင်းကွဲ၊ အာခေါင်ကွဲရောဂါကုသရေး၊အေအိုင်ဒီအက်စ်ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်လာသဖြင့် ၁၉၈၈ ခုနှစ်တွင် တိုင်းရင်းဆေးရုံနှစ်ရုံရှိရာမှ ယနေ့ကာလတွင် တိုင်းရင်းဆေးရုံ ၁၀ ရုံနှင့် တိုင်းရင်းဆေးပေးခန်း ၂၁၄ ခုအထိတိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများ၊ တိုင်းရင်းဆေးဆရာညီလာခံများကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးပညာရပ်များဖြင့် ပိုမိုထိရောက် အစွမ်းထက်သော

တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို စဉ်ဆက်မပြတ် လက်ဆင့်ကမ်းသင်ကြားမည့် ဆေးပညာရှင်များမွေးထုတ်ရေးအတွက်ဆေးနှင့် ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ် ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် ဆေးတက္ကသိုလ်သုံးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုသာရှိခဲ့ပြီး ယနေ့ကာလတွင် ဆေးတက္ကသိုလ် ငါးခုနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် နှစ်ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ပြင် သူနာပြုတက္ကသိုလ် သုံးခု၊ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ် နှစ်ခု၊ ဆေးဘက်ပညာသည်တက္ကသိုလ် နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ် တစ်ခုတို့ကိုလည်း အသစ်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ အလားတူပင် တိုင်းနှင့်ပြည်နယ်များတွင်လည်း ၁၉၈၈ ခုနှစ်က သူနာပြု သင်တန်းပေါင်း ၂၈ ကျောင်းရှိခဲ့ရာမှ ယနေ့ကာလတွင် ၄၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ ဆေးတက္ကသိုလ်များတွင် သာမန်ဆေးပညာဘွဲ့အပြင် ဆေးလက်တွေ့ပါရဂူသင်တန်း ခုနစ်မျိုး၊ ဆေးပညာမဟာသိပ္ပံသင်တန်း ၂၀ မျိုး၊ ဆေးပညာဒီပလိုမာ သင်တန်းခြောက်မျိုး၊ ဆေးဘက်ဆိုင်ရာနှင့်

ဆေးဝါးဆိုင်ရာ ဒီပလိုမာသင်တန်း လေးမျိုးတို့ကိုလည်း တိုးချဲ့သင်ကြားပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွင် ဆေးဝါးကုသမှုအရည်အသွေးမြင့်မားစွာ ပေးနိုင်ရန် ခရိုင်အဆင့်ဆေးရုံများ၌ အထူးကုဘာသာရပ်ခြောက်မျိုးအတွက် ခရိုင်အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ်တိုင်းဆေးရုံကြီးများတွင် အထူးကုဘာသာရပ် ၁၂မျိုးအတွက် အထူးကုဆရာဝန်ကြီးများကို တိုးတက်ခန့်ထားပေးခဲ့သည်။ ဆေးရုံများတွင် ခေတ်မီကုသမှု အထောက်အကူပစ္စည်းကိရိယာများဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းဖြင့် ကုသမှုများမှာ အဆင့်မြင့်မား လာခဲ့ပြီး နှလုံးခွဲစိတ်ခြင်း၊ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ဆေးပညာဆိုင်ရာ တိုးတက်မြင့်မားလာသည်နှင့်အမျှ ကျန်းမာရေးကဏ္ဍတွင် ထူးခြားသောအောင်မြင်မှုမှတ်တိုင်များကို အောက်ဖော်ပြပါဇယားဖြင့် မှတ်တမ်းတင်တွေ့ရှိရမည်ဖြစ်သည်။

အကြောင်းအရာ	၁၉၈၈	၂၀၀၃
ကိုယ်ခန္ဓာချင်းဆက်အမြှာ ခွဲစိတ်ကုသအောင်မြင်မှု	၁ ကြိမ်	၃ ကြိမ်
ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသအောင်မြင်မှု	–	၉ ကြိမ် (၂၂ ယောက်)
လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသအောင်မြင်မှု	–	၂ ကြိမ်
စုစုပေါင်း	၁ ကြိမ်	၁၄ ကြိမ်

မြန်မာနိုင်ငံတွင်ဖြစ်ပွားတတ်သော ကျောက်ရောဂါ၊ အနာကြီးရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ အိုင်အိုဒင်းချို့တဲ့မှု ရောဂါ၊ ပိုလီယိုအကြောသေ ရောဂါများ လုံးဝပပျောက်စေရန် နိုင်ငံတော်အစိုးရ၏

ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုများ ရခဲ့ပြီဖြစ်သည်။

၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် အနာကြီးရောဂါကင်းဝေးသောနိုင်ငံအဖြစ်သို့ ရောက်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တညီတညွတ်တည်း အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုခဲ့ကြသည်။ ပိုလီယိုရောဂါ လုံးဝပပျောက်ရေးစီမံကိန်းတွင် ပိုလီယိုရောဂါများ မတွေ့ရတော့သည်သာမက Wild Polio Virus လည်း ရှာဖွေမတွေ့ရှိတော့သဖြင့် ရည်မှန်းချက်ကာလအတွင်း ပိုလီယိုရောဂါ မြန်မာပြည်တွင် ကင်းစင်ကြောင်း ကြေညာနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်ဖြင့် ကုသမှုပေးလျက်ရှိသည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တိုင်းရင်းဆေးရုံ အဆောက်အအုံကို တွေ့ရစဉ်။

အကြောင်းအရာ	၁၉၈၈ခုနှစ်	၂၀၀၃ခုနှစ်
အခြေခံပညာ ကျောင်းသူကျောင်းသား	၅၂၃၉၈၇၈	၇၅၅၀၈၉၆
အခြေခံပညာ ဆရာ၊ဆရာမ	၁၇၃၀၀၀	၂၂၂၀၀၀
တက္ကသိုလ် ဆရာ၊ဆရာမ(ပါမောက္ခမှနည်းပြ)	၆၅၀၀	၁၆၆၀၀
ဘွဲ့များ		မဟာဘွဲ့၊မဟာဘွဲ့နှင့်ပါရဂူ တစ်မျိုးတည်းသာ အမျိုးအစားအပါအဝင် ဘွဲ့အမျိုးအစား ၃၁၃ မျိုး
မဟာဘွဲ့ရ	၂၆၆	၉၄၇၄
ပါရဂူဘွဲ့ရ	–	၂၀၆
အခြေခံပညာကျောင်းပေါင်း	၃၃၇၄၇ ကျောင်း	၄၀၀၄၉ ကျောင်း
တက္ကသိုလ်၊ ကောလိပ်	၃၂ ခု	၁၅၄ ခု
တက္ကသိုလ်၊ ကောလိပ်ကျောင်းသား	၁၃၀၀၀၀ ကျော်	၈၉၀၀၀၀ ကျော်
နည်းပညာတက္ကသိုလ်	–	၄ ခု
ကွန်ပျူတာတက္ကသိုလ်	–	၂ ခု
လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်	–	၁ ခု
ရေကြောင်းပညာတက္ကသိုလ်	–	၁ ခု
နည်းပညာ ကောလိပ်	–	၂၆ ခု
ကွန်ပျူတာကောလိပ်	–	၂၄ ခု

ကုသမှုများ၊ ကုထုံးများရရှိလာစေခဲ့သည်။ ယင်းနှင့်တစ်ဆက်တည်း အစွမ်းထက်သောတိုင်းရင်းဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် ပရဆေး ဥယျာဉ် ကိုးခုကို ထူထောင်ပေးနိုင်ခဲ့ပြီး တိုင်းရင်းဆေးဆရာများ၏ အရည်အသွေး မြင့်မားလာစေရန် ယခင်တိုင်းရင်းဆေးသိပ္ပံကို တိုင်းရင်း ဆေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ပေးခဲ့သည်။

ဤသို့အားဖြင့် တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် အကောင်အထည်ဖော်ပေးနေသကဲ့သို့ တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာပညာရပ်များ၊ ဗဟုသုတများ၊ကြိုတင်ကာကွယ်မှုများကိုလည်းစဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်သဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ ကျန်းမာကြံ့ခိုင်ကာ သက်တမ်းပိုမိုရှည်လာကြပြီဖြစ်သည်။

ဤသို့လျှင် နိုင်ငံတော်တော်အစိုးရသည် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းပေါ် ပေါက်လာရေးနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ လူမှုဘဝကိုလည်းကောင်း၊အမျိုးသားပညာရည်မြင့်မားရေးအတွက်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာကဏ္ဍများ မြင့်မားတိုးတက်ရေးအတွက်လည်းကောင်း စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက်နေခြင်းဖြင့် "ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်လာသောပြည်သူ့ဘဝ"သို့ ရောက်ရှိမည်မှာ ဧကန်မုချဖြစ်ပါတော့သည်။ ။

မြန်မာနိုင်ငံတွင် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကို မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဘဝ အဆင့်အတန်းမြင့်မားလာရေးနှင့် မြန်မာနိုင်ငံလူမှုအဖွဲ့အစည်းများအား ပံ့ပိုးကူညီရန်ဖွဲ့စည်းခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ မိခင်နို့ စနစ်တကျတိုက်ကျွေးရေး၊ ကလေးများ ကာကွယ်ဆေးထိုးခြင်း၊ အာဟာရတိုက်ကျွေးခြင်း၊တီဘီရောဂါတိုက်ဖျက်ရေး၊အနာကြီးရောဂါတိုက်ဖျက်ရေး၊ နှာခေါင်းကွဲ၊ အာခေါင်ကွဲရောဂါကုသရေး၊ အေအိုင်ဒီအက်စ်ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက် လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဒီဇင်ဘာ ၃၀ ရက်က လူငယ်သင်တန်းကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ကမာစွဲလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအသင်းအား ပထမဒိုင်းဆုချီးမြှင့်စဉ်။

(သတင်းဖော်ပြပြီး) (လူမှုဝန်ထမ်း)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃-၁-၂၀၀၄ မှ ၁၁-၁-၂၀၀၄

အချိန် – နံနက် ၀၉:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ပါသည်။

ပြည်သူများ အသိပညာဖွံ့ဖြိုးရေး မိမိတို့တတ်ကျွမ်းသည့်ပညာများဖြင့် ပိုမိုဆောင်ကြဉ်း အခြေခံပုံနှိပ်အတတ်ပညာသင်တန်းဆင်းပွဲ၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ဖွင့်လှစ်ခဲ့သည့် အခြေခံပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ်(၂/၂၀၀၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းရှိ ဂျီတီစီပုံနှိပ်စက်ရုံ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အခြေခံပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ်(၂/၂၀၀၃) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်များ၊ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထူးအရာရှိနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သင်တန်းများဖွင့်ရာတွင် ရည်ရွယ်ချက်သုံးရပ်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ လုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့် ကျွမ်းကျင်မှုပိုမိုမြင့်မားစေရန်နှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန်၊လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသာမက စိတ်ပိုင်းဆိုင်ရာအရည်အသွေး ပိုမိုမြင့်မားစေရန်နှင့် ဌာနဆိုင်ရာ လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်တို့ပင်ဖြစ်ကြောင်း။

သင်တန်းသား ဝန်ထမ်းများအနေဖြင့် တတ်သိကျွမ်းကျင်မှုနှင့် ဗဟုသုတများကိုလက်တွေ့တွင်အထိရောက်ဆုံး အသုံးချ ဆောင်ရွက်ပြီး ပိုမိုကျွမ်းကျင်အောင်၊ အသိပညာဗဟုသုတ ပိုမိုကျယ်ပြန့်အောင်၊ ပိုမိုတတ်ကျွမ်းအောင် ကြိုးစားလုပ်ဆောင်ကြရန်လိုကြောင်း၊ သို့မှသာ သညာမှ ပညာအဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆုံးရှုံးမှုလေလွင့်မှု မရှိရေး၊ ရိုးခြံခြွေတာရေး၊ ကောင်းသော ယှဉ်ပြိုင်မှုနှင့် ရဲဘော်ရဲဘက်စိတ်ဓာတ်ဖြင့် ဆောင်ရွက်ရေးဆိုသည့် အမြင်လေးရပ်ဖြင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အရှိန်အဟုန်ဖြင့်လိုက်ပါ

ယနေ့အချိန်အခါတွင် ခေတ်သစ်စက်မှု သိပ္ပံပညာ၏ အပြုသဘော

ဆောင်သည့် ရလဒ်များကြောင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ တစ်နေ့တခြား မြင့်မားလာသည်နှင့်အမျှ ပုံနှိပ်လောကအနေဖြင့်လည်း အရှိန်အဟုန်ဖြင့် လိုက်ပါနေရသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း ပုံနှိပ်လုပ်ငန်းအတွေ့အကြုံ အနှစ်နှစ်ရာ ကျော်သက်တမ်းရှိပြီဖြစ်ကြောင်း၊ ယင်းသို့ အတွေ့အကြုံကြွယ်ဝလာသည့်အလျောက်တိုင်းရင်းသားပြည်သူများ၏ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးတွင် မိမိတို့တတ်ကျွမ်းသည့် ပညာများဖြင့် ပိုမိုဆောင်ကြဉ်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းတွင် ထူးချွန်ဆု ပထမရရှိသည့် အောင်ဆန်းပုံနှိပ်စက်ရုံမှ ဒေါ်သီတာအေး၊ ဒုတိယဆုရရှိသည့် ဂျီတီစီပုံနှိပ်စက်ရုံမှ ဒေါ်မြတ်စောငြိမ်းနှင့်တတိယဆုရရှိသည့်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှဦးစံလင်းတို့အား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဂျီတီစီပုံနှိပ်စက်ရုံ၏ ထုတ်လုပ်မှုဌာနရှိ ပုံနှိပ်စက်များနှင့် တစ်ဖက်ဖြတ် ဓားစက်တို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်အောင် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ကြုံခိုင်ရေးများ ပြုလုပ်ရေး၊ စက္ကူကုန်ကြမ်းနှင့် ပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျ ကြပ်မတ် သုံးစွဲရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကိစ္စများကို မှာကြားသည်။ (သတင်းစဉ်)

သစ်တောသုတေသနဌာန (၂၅)နှစ်မြောက် ငွေရတု အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက် ၈နာရီတွင် ပျဉ်းမနားမြို့နယ် ရေဆင်းသစ်တော သုတေသနဌာန၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အရာရှိများနှင့် သုတေသီများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး သစ်တောသုတေသနဌာန၏ (၂၅)နှစ် အတွေ့အကြုံနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ထာဝစဉ် ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ့သဘာဝကျွန်းတောများ၊ ကျေးလက်ဒေသနှင့် သစ်တောဇရိယာ ဆက်စပ်မှုစာတမ်းများကို ဖတ်ကြားကြသည်။(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် ဒါရုကန္ခောပမသုတ်**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ် (ပထဝီဝင်)
(ခ)ပထမနှစ် (မြန်မာမှုပညာ)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖန်ခြေနင်းနဲ့ ယမင်းရွှေစင် (အပိုင်း-၃၃)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း လွှီပုနှင့် သောင်းချမ် အပိုင်း(၁၇)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

လွတ်လပ်ရေးဇာတိမာန်

(၁)

တို့မြန်မာသခင်မျိုးပေမို့၊
အစဉ်မညှိုးတဲ့ ဇာတိစဉ်အလာတွေနဲ့၊
ကမ္ဘာ၏တစ်ခွင်မှာ ကြေညာလိုက်ပါရဲ့၊
အသေဝနာစ ဗာလာနံ့ စရိုက်အမျိုးဖျက်တွေကိုတော့၊
ထိုးနှက်ကာ ချေမှုန်းကြမယ်တဲ့၊
တစ်ပြေ (ပြည်)လုံးရဲ့ ဆန္ဒအမှန်။

(၂)

လွတ်လပ်ရေးဆိုတာ ပြည်သူ့အမွေမို့၊
အမှုပွေကာ စာရင်းမရှုပ်ကြပါနဲ့၊
အတွင်းသရုပ်ပလီဉာဏ်နှောတဲ့၊
သတင်းမဟုတ် ဝစီကံအပြောရိုင်းတွေကိုတော့၊
ကျောခိုင်းကာ အမှန်မြင်ကြတယ်ကွယ့်၊
သဏ္ဌာန်အသွင် "လူ့အခွင့်အရေး" ဆိုတာက၊
ပြုကျင့်တဲ့ အတွေးအခေါ်ဟာ နယ်ချဲ့တာပဲ၊
ကယ်မယ့်သူ၊ အယောင်ဆောင်လို့၊
အမှောင်ကို အလင်းအသွင်နဲ့၊
အတွင်းဝင်လာတဲ့ ပြည်သူ့ရန်။

(၃)

တို့ပြည်သူ့ အထွတ်အမြတ် အတွေးတွေနဲ့၊
လွတ်လပ်ရေးကို အရယူခဲ့ကြတာမို့၊
ဘဝတူ ညီနောင်သားချင်းတွေက၊
တစ်ပြည်ထောင်သားရင်း၊ စိတ်ညီညာနဲ့၊
ပြည်မြန်မာကို နှံ့နစ်မခံကြပါဘူး၊
ကျွန်ဖြစ်ရန် အကြံယုတ်ကိုတော့၊
အမှန်ထုတ်ဖော် ဖယ်ရှားပေးမယ်တဲ့၊
အစွယ်အပွားလေးတောင် ချန်မထားလေနဲ့၊
အမှန်တရားရဲ့ ဇာတိမာန်၊
ကမ္ဘာသိရန် ကြေညာလိုက်တယ်ကွယ့်၊
ပြည်မြန်မာရဲ့ တိုက်မောင်း။

(၄)

တို့ပြည်အတွင်းမှာတော့
ညီရင်းအစ်ကို ပြည်ထောင်စုသားတွေက၊
တည်ထောင်ပြုတဲ့ "အား"တွေနဲ့၊
အမှားကိုရှောင် အမှန်ဆောင်ကြလို့၊
အောင်မြင်စွာ အစီးအပွားတွေက၊
ကြီးမားတဲ့ အကောင်အထည်တွေနဲ့၊
နောင်တကယ် တိုးတက်ခေတ်မီရမယ်တဲ့၊
ပြည်သစ်တည် တို့အောင်ပွဲကိုတော့၊
နွှဲကြမယ့်အကြောင်း။
(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုရေးဖွဲ့သည်။

ကေတုနီလာ

☆ **ဆေးဝါးပြသနာမှ**

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်ကြီးများနှင့်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ဆေးဆိုင်ပိုင်ရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်မှူးချုပ်သန်းထွန်းက ဆေးဝါးပြသနာရပ်များနှင့်ပတ်သက်၍ နိုင်ငံခြား ဆေးဝါးအတုများ ဖော်ထုတ်သိမ်းဆည်းရမိမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဗိုလ်မှူးချုပ်သန်းထွန်းနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဖော်ထုတ်ဖမ်းဆီးရမိသော နိုင်ငံခြားဆေးဝါး အတုများနှင့် တရားမဝင်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

✻ **တရားမဝင်မှ**

ရောင်းချစေလျက်ရှိကြောင်း၊ သတင်းဖော်ပြပါရှိလာ၍ ဗန်ကောက်မြို့ မြန်မာသံရုံးမှ လိုအပ်သော စုံစမ်းမှုများ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ အရွယ်မရောက်သေးသောကလေးငယ်ခြောက်ဦး ပါဝင်သည်ကို တွေ့ရှိခဲ့သည်။

ထိုသို့တွေ့ရှိရသဖြင့် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများသည်ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ခဲ့ပြီး၊ ကလေးငယ်များ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မြန်မာသံရုံးမှ တာဝန်ရှိသူများ၏ မေတ္တာရပ်ခံချက်အရ ကလေးငယ်များအား ထိုင်းအစိုးရလူမှုဝန်ထမ်းဌာနမှ ခေါ်ယူစောင့်ရှောက်ထားပြီး၊ မြန်မာအစိုးရသို့ ယခုကဲ့သို့ ပြန်လည် လွှဲပြောင်းပေးခြင်းဖြစ်သည်။ ဆက်လက်၍လည်း တရားမဝင် ခိုးထုတ်ခြင်းခံရသော အမျိုးသမီးနှင့် ကလေးငယ်များအား နှစ်နိုင်ငံချစ်ကြည်မှု အခြေခံ၍ စောင့်ရှောက်ကူညီပြီး ဤသို့ လူမှောင်ခိုသူများအား ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းသိရှိရသည်။

လာရောက်ကြိုဆို

ကလေးများအား ဗန်ကောက်မြို့၊ မြန်မာသံရုံးမှ သံအရာရှိတစ်ဦး လိုက်ပါပို့ဆောင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂအစီအစဉ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လာရောက် ကြိုဆိုကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံသို့ တရားမဝင်ခေါ်ဆောင်ခိုင်းစေခြင်းခံကြရသော ကလေးငယ်များ ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် လွှဲပြောင်းလက်ခံပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီတို့မှ တာဝန်ရှိသူများ တွေ့ဆုံစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓေ မဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ မွေဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၇။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၃၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ (နက်ရှိုင်းမေတ္တာ) (အပိုင်း-၃)**
၂:၀၅ ၆။ ပသောင်းတံတား
၂:၁၀ ၇။ **တို့ခြံထဲမှာခုတော့ဖြင့်ပျော်စရာ (ရဲအောင်၊ကိုကိုလင်းမောင်၊ မေသန်းနု၊ယမင်းကိုကို) (ဒါရိုက်တာ- အောဝမ်းမောင်လှမျိုး)**
၂:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၄၅ ၉။ International News.
၃:၀၀၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (သတ္တဗေဒ၊ရုက္ခဗေဒ၊ အထူးပြုများ)(သတ္တဗေဒ)
၅:၁၅ ၆။ နားဝင်ပီယံသူ့လက်သံ
၅:၂၅ ၇။ တေးဂီတအစီအစဉ်
၅:၃၅ ၈။ အကပဒေသာ
၅:၅၀ ၉။ တေးဂီတအစီအစဉ်
၆:၀၅ ၁၀။ ၂၀၀၃-၂၀၀၄ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခြေခံပညာကျောင်းဆင်း ဘင်ခရာတီးပြိုင်ပွဲ
၆:၁၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Discovery.
၇:၂၅ ၁၅။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၇:၄၀ ၁၆။ **အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေ့ရှု "မျိုးချစ်စိတ်ဓာတ်"(အပိုင်း-၁)**
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **အချုပ်အခြာအာဏာ ခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေ့ရှု "လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်း"(အပိုင်း-၁)**
၂၁။ **လွတ်လပ်ရေးတေးကဗျာ (ဗိုလ်ကလေးတင့်အောင်၊ အကယ်ဒမီဂီတလုလင်ဦးကိုကို စီစဉ်တင်ဆက်သည်။)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

● **အာနိသင်မရှိသောမှ**

ဆေးဝါးအတုများ ဖြန့်ဖြူးရောင်းချသူ တင်လှိုင်(ခ) နက်လသည် ၁၉၉၃ခုနှစ် ဧပြီလခန့်မှစတင်၍ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့နေ စူရေးနှင့် မိုးရေးမြို့နေဘီကီတို့၏စီစဉ်ပေးမှုအရ အိန္ဒိယနိုင်ငံထုတ် တရားဝင် မှတ်ပုံတင်ထားခြင်းမရှိသော AMOXYCILLIN, AMPICILLIN, C-CLOX CIPROLOX, DEGECID ဆေးဝါးများကို အိန္ဒိယနိုင်ငံ မိုးရေးမှတမူး၊ မုံရွာ၊ မန္တလေးမှတစ်ဆင့် ရန်ကုန်သို့ သယ်ယူပြီး ဗိုလ်ချုပ်ဈေးနှင့် မင်္ဂလာ ဈေးတို့၌ ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ဘီကီထံမှ ဆေးဝါးများ သယ်ဆောင်ဖြန့်ဖြူးမှုကို ၂၀၀၀ပြည့်နှစ်အထိ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၀၂ခုနှစ် မတ်လခန့်မှစ၍ မူဆယ်မြို့ တောင်ရပ်ကွက် အမှတ် (တ/၂၃၅)နေ ကျော်ကျော်နိုင်(ခ)အဗ္ဗဒူ ရှာဘူးလ်(ဘ) ဦးကာလာများ၏ ဆက်သွယ်ပေးမှုအရ တရုတ်နိုင်ငံ ရွှေလီမြို့ ထန်ဆန်းလမ်းနေ ဆေးအတုပြုလုပ် ရောင်းချသူ တရုတ်နိုင်ငံသားလောက်ကျောင်နှင့် သိကျွမ်းခဲ့ပြီး AMPICILLIN, AMOXYCI LLIN,CLOXACILLIN, CIP ROLOX ဆေးများကို အတုပြုလုပ်စေကာ ရွှေလီမြို့မှ လွယ်ကျယ်၊ ဗန်းမော်၊ မန္တလေး လမ်းကြောင်းမှတစ်ဆင့် ရန်ကုန်မြို့သို့ သယ်ယူဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ၎င်းပြင်၂၀၀၃ခုနှစ် ဩဂုတ်လအတွင်း အိန္ဒိယနိုင်ငံထုတ် DEGECID ဆေးဝါး ကျပ်သိန်း ၂၀ဖိုး၊ စက်တင်ဘာလအတွင်း ZINETAC ဆေးဝါးကျပ်သိန်း ၄၀ဖိုးခန့်ကို ကလေးနှင့်တမူးမြို့ရှိ ၎င်း၏အဆက်အသွယ်များမှ တစ်ဆင့် တရားမဝင် တင်သွင်းဝယ်ယူခဲ့ကြောင်း သိရှိရသည်။

ထပ်မံသိမ်းဆည်း

အလားတူ ဘီကီထံမှ ဆေးဝါးအတုများကိုတင်သွင်းဖြန့်ဖြူးရောင်းချနေသူ မန္တလေးမြို့အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်နေ စောလွင်(ခ)ဘဲလူး၏ ဆေးဂိုဒေါင်မှ AMPICILLIN ဆေးဝါးအတုလုံးရေ ၂၅၀၀၀၊ AMOXYCILLIN ဆေးဝါးအတု လုံးရေ ၁၃၉၂၀၀၊ CLOXACILLIN-250 ဆေးဝါးအတုလုံးရေ၃၀၄၀၊ C-CLOX ဆေးဝါးအတုလုံးရေ ၂၈၈၈၀ နှင့် AMCLOX ဆေးဝါးအတုလုံးရေ ၂၄၀၀တို့ကို သိမ်းဆည်းရမိခဲ့ပြီး စောလွင်ထံမှ ဆေးဝါးအတုများ ဝယ်ယူရောင်းချနေသူ မန္တလေးဈေးချို(အီး)ရုံ ဆိုင်ခန်းအမှတ်(၉၁)မှ AMPICILLIN ဆေးဝါးအတုလုံးရေ ၉၇၅၀၀ နှင့် AMOXYCILLIN ဆေးဝါးအတု လုံးရေ ၄၄၂၅၀၊ ရန်ကုန်မြို့ မင်္ဂလာဈေး ဆိုင်အမှတ်(၇၅၉) အောင်ကျော်မိုးဆေးဆိုင်မှ AMPICILLIN ဆေးဝါးအတုလုံးရေ ၁၀၄၀၀ နှင့် CIPROLOX-250 ဆေးဝါးအတု လုံးရေ ၂၂၂၀၀၊ ဆိုင်အမှတ်(၇၈၇) ကေကေဝင်းနိုင်ဆေးဆိုင်မှ AMPICILLIN ဆေးဝါးအတုလုံးရေ ၂၀၈၄၀နှင့် CLOXACILLIN-250 ဆေးဝါးအတုလုံးရေ ၃၇၀၀ တို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဖော်ထုတ်ချက်များအရ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၅ ရက်အတွင်း AMPICILLIN, ဆေးဝါးအတု လုံးရေ ၂၃၉၂၆၈၀၊ S-MOX(AMOXYCILLIN) ဆေးဝါးအတု လုံးရေ ၁၂၈၅၄၀၊ AMOXYCILLIN ဆေးဝါးတုလုံးရေ ၂၃၆၇၀၀၊ CLOXACILLIN-250 ဆေးဝါးတု လုံးရေ ၁၂၆၁၃၄၀၊ C-CLOX ဆေးဝါးတုလုံးရေ ၃၆၂၈၀၊ AMCLOX, ဆေးဝါးတု လုံးရေ၂၄၄၀၊ AMPICLOXဆေးဝါးတုလုံးရေ ၂၉၀၊ CIPROLOX-250 ဆေးဝါးတုလုံးရေ ၈၆၂၂၀၀၊ DEGECID တရားမဝင် ဆေးဝါးတုလုံးရေ ၆၅၀၆၇၊ ZINETAC တရားမဝင် ဆေးဝါးတုလုံးရေ ၂၇၀၈၀ စုစုပေါင်းဆေးဝါးတုလုံးရေ ၅၀၁၂၆၁၇ (သိန်း ငါးဆယ်တစ်သောင်းနှစ်ထောင်ခြောက်ရာတစ်ဆယ့်ခုနစ်)လုံး သိမ်းဆည်းရရှိခဲ့ပြီး သိမ်းဆည်းရမိဆေးဝါးများအနက် အိန္ဒိယနိုင်ငံဘက်မှ တရားမဝင်တင်သွင်းသော ဆေးဝါးများသည် အိန္ဒိယနိုင်ငံ၌လည်း တရားဝင် အသိအမှတ်ပြု မှတ်ပုံတင်ထားခြင်းမရှိသောကုမ္ပဏီမှထုတ်သည့် အာနိသင်မရှိသော ဆေးဝါးများဖြစ်ပြီး တရုတ်ပြည်ဘက်မှ တရားမဝင်တင်သွင်းသော ဆေးပြားများသည် တရုတ်နိုင်ငံ၌ ဆေးဝါးအတု ပြုလုပ်မှုဖြင့် သက်ဆိုင်ရာမှ ဖမ်းဆီးအရေးယူရန် အလိုရှိနေသော တရားခံပြေးတစ်ဦး၏ ကုမ္ပဏီမှထုတ်သည့် အာနိသင်မရှိသော ဆေးအတုများဖြစ်ကြောင်း၊ သို့ဖြစ်၍ ဖမ်းဆီးရမိထားသော တရားမဝင်ဆေးနှင့် ဆေးဝါးအတု ရောင်းဝယ်ဖြန့်ဖြူးရာတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် သတ္တုတွင်းဝန်ကြီးဌာန၏ သတ္တု သယံဇာတများ တိုးတက်ထုတ်လုပ်မှု

(၁၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု စာတင်ပုံမှတ်တမ်း

၁၉၈၈ မှ ၂၀၀၃ ခုနှစ်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည့် ဓာတ်သတ္တုများ

စဉ်	အမျိုးအမည်	ရေတွက်ပုံ	၁၉၈၈ ခုနှစ်	၂၀၀၃ ခုနှစ်
၁။	သံနှင့်သံမဏိ	မက်ထရစ်တန်	၇၈၄၀	၈၆၂၆
၂။	ကျောက်မီးသွေး	တန်	၂၉၇၈၀	၅၅၀၂၇၈
၃။	ကက်သုတ်ကြေးနီ	မက်ထရစ်တန်	-	၂၇၁၇၃
၄။	ကျောက်စိမ်း	ကီလိုဂရမ်	၁၃၂	၁၀၈၄၉
		ထောင်ပေါင်း		
၅။	ကျောက်မျက်	ကရက်ထောင်ပေါင်း	၁၇၀	၅၄၄၆၀
၆။	ပုလဲ	လုံး	၁၅၂၇၅	၁၁၇၈၅၂
		(မိုမီ)	(၇၃၃၅)	(၃၉၃၁၈)
၇။	ထုံးကျောက်	တန်	၆၅၈၆၂	၁၂၈၁၅၀
၈။	ဂေါ်ဒန်	တန်	၃၀၁၄၃	၉၀၀၀၂

သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာများ ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကများနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်မှုများကို မြန်မာ့ကျောက်မျက် ရတနာဥပဒေများနှင့်အညီ ခွင့်ပြုလျက်ရှိသည်။ နိုင်ငံတော်နှင့် ပုဂ္ဂလိကအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျောက်မျက်ရတနာများ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

မြန်မာ့ရတနာမြေမှ ထွက်ရှိသည့် နီလာများစီခြယ်ထားသည့် လည်ဆွဲရတနာ(အပေါ်ပုံ)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်ရှိ မိုင်းရှူးရတနာမြေတွင် တောင်အောက်မှ ဖြုန်းကျောက်များအားဆေးကန်သို့သယ်ယူနေစဉ်။(အောက်ပုံ)နှင့် မြန်မာ့ရေအောက်မှ ထွက်ရှိသည့်ပုလဲများအား ပြပွဲ၌ခင်းကျင်းပြသထား စဉ်။(ဝဲပုံ)နှင့် အရည်အသွေးကောင်းသည့်မြန်မာ့ကျောက်စိမ်းများကိုရတနာကုန်သည်များ စစ်ဆေးကြည့်ရှုနေကြစဉ်။(အောက်ဝဲပုံ)





လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဆွမ်းဆက်ကပ်

ရန်ကုန် ဇန်နဝါရီ ၂

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၏ နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာသင်သံဃာတော်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ် လှူဒါန်းပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး၊ ဒုတိယဝန်ကြီးဦးမောင်အောင်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်း မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင်နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)၏ နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာသင်သံဃာတော်များအား တစ်နေ့တာ ဆွမ်းအလှူတော်ငွေ ကျပ်တစ်သိန်း ရှစ်သောင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က လက်ခံရယူပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗုဒ္ဓဘာသာသိစရာ



ရန်ကုန် ဇန်နဝါရီ ၂

သစ္စာဒီပက ဆရာကြီး ဦးကြည် ရေးသားသော ဗုဒ္ဓဘာသာသိစရာ စာအုပ်ကို ပညာရောင်ခြည် စာပေဌာန (ကိုးထပ်ကြီးဘုရား၊ စမ်းချောင်း)က ထုတ်ဝေ၍ ပညာလောကစာပေ အမှတ် (၃၄)ရွှေတိဂုံဘုရား တောင်ဘက်မုခ်မှ ဖြန့်ချိသည်။ **(ယာပုံ)** (က-ပ)

ကိုယ်ကာယကြံ့ခိုင်မှုသင်တန်း

ရန်ကုန် ဇန်နဝါရီ ၂

Queen's Rose ကိုယ်ကာယလေ့ကျင့်ရေးသင်တန်းမှ အမျိုးသမီးများ ကျန်းမာကြံ့ခိုင်ပြီး အဆီများကိုလျှော့ချနိုင်ရန် ကျန်းမာရေးလေ့ကျင့်ခန်းများကို နည်းပြဆရာမ အေးအေးခိုင်က ခေတ်မီစက်ကိရိယာများ၊ အလေးပြားများ၊ ကိရိယာလွတ် လေ့ကျင့်ခန်းများဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိရာ လေ့ကျင့်ကစားလိုသူများသည် Queen's Rose ကိုယ်ကာယ ကျန်းမာမှု လေ့ကျင့်ရေးခန်းမ အမှတ် (၂၂၇) ဒုတိယထပ် ကျိုက္ကဆံလမ်း(ကျောက်မြောင်းဈေးကားဂိတ်အနီး) တာမွေ ရန်ကုန် ဖုန်း-၅၄၂၆၁၃ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်းသိရသည်။(က-ပ)

အင်တာနက်အခြေခံနှင့် အီးမေးလ်သင်တန်းများဖွင့်

ရန်ကုန် ဇန်နဝါရီ ၂

ပြည်တွင်းပြည်ပ ကုမ္ပဏီပေါင်းများစွာအတွက် Softwareများ ဖန်တီးရေးသားပေးနေသော Myanmar Information Technology Pte Ltd, က Internet အခြေခံသင်တန်းများ၊ ကွန်ပျူတာအခြေခံ သင်တန်းများ၊ ကွန်ပျူတာအသုံးချ စာရင်းကိုင်သင်တန်းများအပြင် အထူးအစီအစဉ်များအနေဖြင့် အချိန်တိုတိုအတွင်း လွယ်ကူလျင်မြန်စွာ လေ့လာနိုင်သော Internet နှင့် e-mail ရက်တို (ရက်သတ္တပတ်) သင်တန်း၊ Power Point ကို အသုံးပြု၍ Presentation ပေးနည်း ရက်တို (ရက်သတ္တပတ်) သင်တန်း ဖွင့်လှစ်ထားရှိပြီး ကျွမ်းကျင်ဝန်ထမ်းများက သင်ကြားပေးသည်။

သင်တန်းပြီးသူများနှင့် Internet ကြည့်လိုသည့် ဝါသနာရှင်များအတွက် Cyber Cafe ကို ဖွင့်လှစ်ထားရှိပြီး e-mail လျှောက်ထားလိုသူများ အတွက်လည်း Mail 4 u Reseller အဖြစ် လည်းကောင်း၊ Access Prepaid Dial-Upkit Reseller အဖြစ်လည်းကောင်းလက်ခံ ဆောင်ရွက် ပေးနေကြောင်း သိရသည်။

... ဆက်သွယ်နိုင် ...

အသေးစိတ်သိရှိလိုပါက အမှတ် (၁၁၂)၊ အခန်း၁၀၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၁၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာသင်သံဃာတော်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လှူဖွယ်ဝတ္ထုနှင့် တစ်နေ့တာ ဆွမ်းကပ်လှူဒါန်းပွဲတွင် ဝန်ကြီးဗိုလ်ချုပ်စိန်ထွားနှင့် ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြစဉ်။ (လဝက)

မြန်မာ-အင်္ဂလိပ် အဘိဓာန် ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဇန်နဝါရီ ၁

သာလွန် မြန်မာအင်္ဂလိပ် အိတ်ဆောင် အဘိဓာန်စာအုပ်ကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့် အမှတ် (၃၆၉) သာလွန် စာအုပ်တိုက် ဖုန်း-၂၄၂၄၁၈၊ ၂၄၂၀၃၈ က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။ **(အပေါ်ပုံ)**

(က-ပ)

ဝေဘာဂီလမ်းအနောက်ခြမ်း ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် ဝေဘာဂီလမ်း အနောက်ခြမ်းလူငယ်များ ဦးစီးကျင်းပသော တရားဓမ္မသဘင် ပူဇော်ပွဲကို ဝေဘာဂီလမ်း မြတ်နှင်းဖြူခန်းမတွင် ဇန်နဝါရီ ၅ ရက်မှ ၇ ရက်ထိ ညစဉ် ဘဒ္ဒန္တ ပညာဝံသ (ပုပ္ပား စကားဝါမြေ) အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

နေကမွှေးတဲ့လ ဇာတ်ကားဆက်လက်ပြသ မောင့်ရဲ့သစ္စာ ဗီဒီယိုဇာတ်ကားရွှေဂုန်ရုံတွင်ရုံတင်

ရန်ကုန် ဇန်နဝါရီ ၂

ယခုသောကြာပတ်တွင် မေတ္တာရောင်ပြန် ရုပ်ရှင်အတွက် ဒါရိုက်တာမောင်တင်ဦး ရိုက်ကူး၍ ကျော်ဟိန်း၊ မင်းမော်ကွန်း၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်သည့် ဖခင်၏ မေတ္တာကို ဖော်ကျူးသီဖွဲ့ထားသော **နေကမွှေးတဲ့လ** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် ဆက်လက် ပြသလျက်ရှိသည်။



ဒါရိုက်တာ မောင်တင်ဦး၏ ပြသဆဲ "နေကမွှေးတဲ့လ" ဇာတ်ကားမှ သရုပ်ဆောင် မင်းမော်ကွန်းနှင့် အိန္ဒြာကျော်ဇင်။

ညွှန်းစာဖွဲ့လို့မမီ

ဒါရိုက်တာဝါဝါဝင်းရွှေ ရိုက်ကူး၍ လူမင်း၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ဝါဇင်၊ ညွန့်ဝင်း၊ ဝါဝါဝင်းရွှေတို့ သရုပ်ဆောင်ထားသည့် **ညွှန်းစာဖွဲ့လို့မမီ** မေတ္တာဖွဲ့ဇာတ်ကား ရွှေ့ဆောင်၊ နဝဒေး၊ ဆုထူးပန်ရုံများ၌ ဆက်လက်အောင်ပွဲခံ ပြသနေသည်။ ဆုထူးပန်ရုံ၌ ယခုအပတ်မှစပြီး မြန်မာရုပ်ရှင်ဇာတ်ကားများပြသရန် စီစဉ်ထားကြောင်း သိရသည်။

"ညွှန်းစာဖွဲ့လို့မမီ" ဇာတ်ကားမှ ဝါဇင်နှင့် စိုးမြတ်နန္ဒာ

မေတ္တာသရုပ်ပြ

ယခုအပတ်တွင် မြို့မရုံ၌ KYAADIL NE KAHAA အမည်ရှိ အကယ်ဒမီဆုရ အိန္ဒိယ ဇာတ်ကားသစ် ရုံတင်ပြသလာသည်။ ရာဂျစ်ခန်နာ၊ ရတ်ချ်ဘာဘာတို့ သရုပ်ဆောင်သည့် မေတ္တာသရုပ်ပြ ဇာတ်မြူးဖြစ်သည်။

မောင့်ရဲ့သစ္စာ

ဆက်လက်၍ ရွှေဂုန်ရုံတွင် ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူး၍ ရာဇာနေဝင်း၊ မိုမို့မြင့်အောင်၊ ခိုင်သင်းကြည်တို့ ပါဝင်သရုပ်ဆောင်သည့် **မောင့်ရဲ့သစ္စာ**အမည်ရှိ အချစ်နှင့်စစ် အဆင့်မြင့်ဗီဒီယိုဇာတ်ကားသစ် ရုံတင်ပြသသည်။

နေပြည်တော်ရုံတွင် ဂျက်လီ ပါဝင်သရုပ်ဆောင်သော သိုင်းဇာတ်ကြမ်းကားဖြစ်သည့် HERO ဇာတ်ကား ရုံတင်ပြသနေသည်။

ပြသဆဲ

ဝဇီရာရုံတွင် ဒါရိုက်တာ မလိခ စိုးထိုက်အောင် ရိုက်ကူး၍ ဒွေး၊ ထက်ထက်မိုးဦးတို့ သရုပ်ဆောင်သော **မေ့မရတဲ့နေ့များ** ဇာတ်ကား ပြသဆဲရှိသည်။ **(ကြေးမုံ)**

အိပ်မက်နတ်သမီး ရှေ့အပတ်ရုံတင်မည်

ရန်ကုန် ဇန်နဝါရီ ၂

လာမည့် သောကြာပတ်တွင် မိုးကောင်းရုပ်ရှင်အတွက် ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူး၍ ဒွေး၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်သည့် **အိပ်မက်နတ်သမီး** ဇာတ်ကားသစ် ရုံတင်ပြသမည် ဖြစ်သည်။

(ကြေးမုံ)



KYAADIL NE KAHAA **ဇာတ်ကားသစ်မှ သရုပ်ဆောင်ဟန်။**

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်း၊ကလေးမြို့၊ ကလေးဝလမ်း၊အမှတ်(၂၈၈/ဂ)နေဦးစန်းလှိုင် ခရိုင်ပညာရေးမှူး(ငြိမ်း)-ဒေါ်ညွန့်ညွန့်လှိုင်တို့၏ သားငယ်

မောင်ကျော်စိုးလှိုင်

Alumni Relations Officer, AIT, Thailand

B.A. (Honours, I.R.), MBA (YIE), MBA (AIT)

နှင့်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ်(၄၄၄)၊ အခန်း(၂၃)နေ (ဦးသာထွန်း)-ဒေါ်တင်ရှိန် (ရှိန်ရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ (စန္ဒကူးဆိစက်၊ ရွှေပြည်သာစက်မှုဇုန်)တို့၏မြေးဦး ရန်ကုန်မြို့၊ ရွှေပြည်သာ၊ စိန်ပန်း လမ်း၊ အမှတ်(၂၉/၁၄၈)နေ သံအမတ်ကြီး ဗိုလ်မှူးချုပ်တင်လတ် (လေ)(ငြိမ်း)-ဒေါ်ခင်ဆွေဝင်းတို့၏ တစ်ဦးတည်းသောသမီး

မဝတ်မှုံတင်လတ် Project Coordinator, IRL/AIT, Thailand

B.A. (English), MBA (AIT)

တို့၏၂၇-၁၂-၂၀၀၃ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့် ဇနီးဒေါ်ထွေးထွေးညွန့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်းနှင့် ဇနီးဒေါ်မကြည်စိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်စံယုံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော အငြိမ်းစား ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(လေ)(ငြိမ်း)နှင့် ဇနီးဒေါ်တင်တင်စိန်၊ မင်္ဂလာ လက်စွပ် ချီးမြှင့်ပေးပါသော အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်မောင်ဆက်(လေ)(ငြိမ်း)နှင့် ဇနီး ဒေါ်တင်အေးဝင်း၊ မေတ္တာဖြင့် လက်ဖွဲ့ပေးပို့ချီးမြှင့်ပေးသောရွှေပုစွန်မိခင်ကြီးဒေါ်ခင်နွဲ့ရီနှင့် မိသားစု၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ၂၇-၁၂-၂၀၀၃ရက် နံနက်ပိုင်းတွင် Sedona Hotel Executive Club၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးကြပါသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်း၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အငြိမ်းစားဦးစီးအရာရှိ ဦးစန်းငွေ၊ အငြိမ်းစားရဲမှူးကြီး ဦးသာဦး၊ မင်္ဂလာအခမ်းအနားနှင့် မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးကြသော ဦးသိန်းလှမော်နှင့် ဦးမျိုးကြည်မောင်၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး စုရတနာထွန်း၊ မင်္ဂလာအောင်စံပယ် ပန်းကုံးနှင့် လက်စွပ်ဗန်း ကိုင်ဆောင်ပေးကြသော မခိုင်ဇင်သက်နှင့် မခိုင်ဇာသက်၊ သတို့သား၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးကြသော မောင်အာကာတင်လတ်နှင့် မောင်လင်းသူရိန်ထွန်း၊ မကလျာကိုနှင့် မနုထွေးကြည်ဝင်း၊ မင်္ဂလာအခါတော် တေးသီချင်း သီဆိုပေးသော ရတနာဦးနှင့် စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ ပန်းအလှဆင်ကိုခင်မောင်ဝင်း၊ မိတ်ကပ်၊ဆံပင်အလှဆင်နှင့် မင်္ဂလာဝတ်စုံဖန်တီးပေးသော ခင်စန်းဝင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသောမောင်မောင်ညွှန့်နှင့်အဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ အသိအမှတ်ပြုကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ များအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စိုးလှိုင်-မဝတ်မှုံတင်လတ်။

ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

AIT Training Centre ၌ ယခင်သင်ကြားလျက်ရှိသော Computer Basis Course, DTP Course နှင့် Graphic Design Course များအပြင် C++,OOP နှင့် VB Programming Course, Civil Engineer များအတွက် Auto Cad Course များကိုပါ ထပ်မံဖွင့်လှစ်သင်ကြားလျက်ရှိသည်။ English Language နှင့်ပတ်သက်၍ General English (4 Skills),Level I,II, Business Communication, TOEFL နှင့် IELTS သင်တန်းများကို ဖွင့်လှစ် သင်ကြားမည်ဖြစ်သည်။ Course အားလုံးကို လုပ်ငန်း အတွေ့အကြုံလည်းရှိ၊ သင်ကြားမှု အတွေ့အကြုံလည်းရှိသော ဘွဲ့ရဆရာများ ကိုယ်တိုင်သင်ကြားမည်ဖြစ်ပြီး အသေးစိတ်စုံစမ်းလိုပါက B-302၊ တတိယထပ်၊ ဒဂုံစင်တာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း- ၅၃၇၂၄၂၊ ၀၉-၈၉၂၂၈၁၈ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

“မွေးနေ့ဆုတောင်း”

ဗိုလ်ကျော်လင်းဦး(မောင်ဘုငယ်)

(M.B.B.S, DSMA)

၄-၁၂-၂၀၀၃ရက်နေ့တွင် ကျရောက်သော (၂၄)နှစ်မြောက် မွေးနေ့မှသည် နှစ်ပေါင်းများစွာကြာအောင် ကျန်းမာပျော်ရွှင်စွာဖြင့် “သမားဇာနည် အောင်စစ်သည်” ဖြစ်အောင်နှင့် လက်တွေ့ဘဝမှာ တိုင်းပြည်၊ လူမျိုးအကျိုးကိုဆောင်ရွက်နိုင်သော သားကောင်းရတနာလေးဖြစ်ပါစေ။

ချစ်ဖေဖေ	-	ဦးမွေးကြည် B.A,RL
ချစ်မေမေ	-	ဒေါ်နော်တင်အေး
ချစ်ကိုကြီး	-	ကိုသန့်ဇင်ဦး(ငယ်ဦး)-မငြိမ်းငြိမ်းမြတ် (B.Sc)
ချစ်ကိုငယ်	-	ကိုခန့်လွင်ဦး(စု) [B.Sc(Q)]-မမေသူအောင် (B.Sc)
ချစ်မမ	-	မအေးမြမွေး [B.Sc,M.Sc.,M.Res (Biochemistry)]
ချစ်တူ၊တူမများ	-	ချယ်ဦး၊ တုံတုံ၊ ပြည့်ပြည့်၊ သားငယ်လေး

တရုတ်စကားပြောသင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

ယခင်က နိုင်ငံခြားသားများမှာ တရုတ်စကားပြောကို ခက်ခဲလှသော တရုတ်စာ Hanzi မှ တစ်ဆင့် သင်ယူရ၍ နှေးကွေးသည်။ ယခု a b c d ၂၆ လုံးဖြင့် အသံပေါင်း Pinyin ဖျင်ယင်စနစ်ပေါ်လာ၍ သင်ယူရာတွင် ပေါ့ပါးလျင်မြန်သည်။ ပီသသွက်လက်သည်။ ကမ္ဘာသုံး Modern Stnadard Chinese ခေတ်သစ် စံတော်ဝင် တရုတ်စကားကို ပေကျင်းတက္ကသိုလ်အောင် ဝါရင့်ဆရာကိုယ်တိုင်ပြုစုထားသော “လူမျိုးခြား အဖို့ တရုတ်စကားသင်နည်း” ဖျင်ယင်စနစ်ဖြင့်သင်သည်။ ရန်ကုန် လမ်းမတော်လမ်း တိုက်အမှတ် (၂၄)ပထမထပ် (ညောင်ပင်လေးဈေးရှေ့)တွင် ဇန်နဝါရီ၃ ရက် (စနေနေ့)ညနေ ၄ နာရီ သင်တန်းဖွင့်မည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အစမ်းသဘော တစ်ပတ်တက်ကြည့်ပြီးမှ ဝင်ခွင့်တင်ရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဈေးကွက်ဂျာနယ် အမှတ် ၃၅၁ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂

မောင်စူးစမ်း၊ မင်းရွှေမောင်၊ အောင်သင်းစသော ပင်တိုင်ဆောင်းပါးရှင်များ၏ လက်ရာများနှင့်အတူ ပိုမိုရှုပ်ထွေးလာသည့် အီရတ်နိုင်ငံအရေး၊ ပြည်တွင်းစီးပွား သတင်းများ၊ ကာတွန်း လက်ရာစုံများဖြင့် အမှတ်၁၃၁၊ ၂၈ လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၇၀၇၁၈၃က ဖြန့်ချိလိုက်ကြောင်းသိရသည်။

(အပေါ်ပုံ) (က-ပ)



နှစ်သစ်မင်္ဂလာ အခါသမယတွင်
မိတ်ဆွေများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ချမ်းသာပြီး လုပ်ငန်းများတိုးတက်ကောင်းမွန်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

PHO PYONE CHO

Stationery Wholesale & Retail
262-266, Konezaydan street, Pabedan Township
Yangon. Phone: 281041, 372341

Computer & Accessories Sales & Services - Stationery Wholesale & Retail
113/8, Kaba Aye Pagoda Road, Bahan Township, Yangon.
Phone : 548043, 546731

NAING Group CONSTRUCTION CO., LTD.
၂၀၀၄ ခုနှစ်ကို ကြိုဆိုသောအားဖြင့်
NAING Group အိမ်ရာအထူးရောင်းချပွဲကြီးကို ကျင်းပတော့မည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်၊
စံပယ်တိုက် (၅ . ၁ . ၂၀၀၄ မှ ၂၀ . ၁ . ၂၀၀၄ အထိ)
30% OFF
Standard Room (1500 sqft;)
Verandah,Shrine,living,Single Bed Room,
Master Bed 2Rooms,Dining,Kitchen-
(Total: 8.Rooms) Room Type
Special Suite Room (3000 sqft;)
Side Seen Room,Shrine,Living,Study Room,
Master Bed-room 4-rooms,Dining,Kitchen,
Maid Room, (Total: 11.Rooms) Room Type
- V-pile Foundation,Readymixed Concrete
- Transformer,Generator
အမှတ်(၅၀) ဘုန်းကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
သစ်ခွတိုက်
30% OFF
Standard Room (840 sqft;)
Verandah,Shrine,living,Single Bed Room,
Master Bed Room,Dining,
Kitchen- (Total: 6.Rooms) Room Type
Special Suite Room (1600 sqft;)
Verandah,Shrine,Living,
Master Bed-room ,Double bed room,
Single bedroom,Dining,Kitchen,
Maid Room, (Total: 9.Rooms) Room Type
- V-pile Foundation,Readymixed Concrete
- Transformer , Generator
အမှတ် (၁၈၁-၁၈၃-၁၈၅) ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။
ကုံကော်တိုက်
30% OFF
Type-A (1680-sq-ft) (1470-sq-ft)
Type-B (1624-sq-ft) (1421-sq-ft)
Type-C (1792-sq-ft) (1638-sq-ft)
Verandah,Shrine,living,
Master Bed Room-2,
Dining,Kitchen
Maidroom- (Total: 9.Rooms)
Room Type
- Readymixed Concrete
- Transformer,Generator
အမှတ် (၆၀) ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
နှင်းဆီတိုက်
30% OFF
Standard Room (1392 sqft;)
Verandah,Shrine,living,Single Bed Room,
Master Bed Room-2 rooms,Dining,Kitchen
-(Total: 8.Rooms) Room Type
Special Suite Room (2784 sqft;)
Side Seen Room,Shrine,Living,Study Room,
Master Bed-room 4-rooms,Dining,Kitchen,Maid Room,
(Total: 11.Rooms) Room Type
- V-pile Foundation,Readymixed Concrete
- Transformer,Generator
အမှတ် (၁၈၂-၁၈၄) ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။
25% OFF
- 600-sq-ft (Hall Type)
အမှတ် (၁၁၅-၁၂၅) ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။
30% OFF
- (930-sq-ft) Hall Type
- (1040-sq-ft) Hall Type
- Readymixed Concrete
- Transformer
အမှတ် (၃၈-၄၀) ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
အမှတ် (၅၆)
လှည်းတန်းလမ်း၊
လမ်းမတော်မြို့နယ်။
- (1470-sq-ft)
- Readymixed Concrete
20% OFF
30% OFF
- (850-sq-ft)
- Readymixed Concrete
- Transformer
အမှတ် (၈၃) ၉၄ လမ်းနှင့်
မြန်မာ့ဂုဏ်ရည်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
အမှတ် (၆၇-၆၉)
ဗဟိုလမ်း၊
စမ်းချောင်းမြို့နယ်။
30% OFF
(1120-sq-ft)
- Readymixed Concrete
- Transformer
ဆိုင်ခန်းရပ်ကွက်
မြေညီ + ပထပ် - နှစ်ခန်းတွဲ အမှတ် (၁၅၂) ဗိုလ်ချုပ်လမ်း (၄၆)လမ်းထိပ်၊ ကုမ္ပဏီရုံးခန်းစီးပွားရေးလုပ်ငန်းများအတွက် အသင့်တော်ဆုံးနေရာကိုယ်ပိုင်မီတာ၊ ရေမော်တာ (အသင့်ပြင်ဆင်ပြီး ပြောင်းရွှေ့ပါကား)
မြေညီထပ် - အမှတ်(၅၂) ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ကုမ္ပဏီရုံးခန်းစီးပွားရေးလုပ်ငန်းများအတွက် အသင့်တော်ဆုံးနေရာကိုယ်ပိုင်မီတာ၊ ရေမော်တာ
အရောင်းပြခန်း - NO.60, BO YAR NYUNT ST., DAGON TOWNSHIP, YANGON, MYANMAR.TEL: 95-1-381040, 282829
HEAD OFFICE - NO.229, ANAWRAHTA ROAD, PABEDEN TOWNSHIP, YANGON, MYANMAR.
TEL: 95-1-248082, 375491, 381751, FAX: 95-1-373759
EMAIL: knonaing@myanmar.com.mm

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းနေ
ဦးလှဝင်းနိုင်(လက်ထောက်အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)
(ဒု-ဥက္ကဋ္ဌ၊ မြန်မာ့လျှပ်စစ်အလင်းရောင်သမဝါယမအသင်းလီမိတက်) –
ဒေါ်ရှယ်လီတို့၏သားကြီး

မောင်ဇော်ဦး (a) Uthpol B.Sc(Phys;)
First Mate (F.G)
နှင့်

အမှတ်(၂၂၃)၊ (၄)လွှာ၊ လမ်း(၄၀)၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ
(ဦးထွန်းလွင် – U.N.H.C.R) – ဒေါ်သီတာတို့၏သမီးကြီး

မသန္တာလွင် (a) Shilpi B.Sc(Maths)

တို့၏ ၁၂-၁၂-၂၀၀၃ရက်တွင် Yuzana Hotelတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး(၈) ဦးလှဝင်းအားလည်းကောင်း၊ ၁၄-၁၂-၂၀၀၃ရက်တွင် Sree Sree Durgabariတွင် ဝိဝါဟမင်္ဂလာဆောင်နှင်းပေးသော Pandit Nihar အားလည်းကောင်း၊ The Strand Hotel တွင် ကျင်းပပြုလုပ်သော ညစာစားပွဲတွင် ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ၂၁-၁၂-၂၀၀၃ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒေါက်တာကျော်စိန် ပါမောက္ခချုပ်(ငြိမ်း) ရန်ကုန်တက္ကသိုလ်၊မန္တလေးတက္ကသိုလ်၊ဂုဏ်ထူးဆောင်ပါမောက္ခ(စိတ်ပညာဌာန) ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီး(ငြိမ်း)နှင့် ဇနီး ဒေါ်တင်တင်အေး အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်းအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးခင်မြင့် သီဟသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရနှင့်ဇနီး ဒေါ်သန်းသန်းဝင်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိ လူကြီးမင်းများအားလုံးကိုလည်းကောင်း၊ မင်္ဂလာအခမ်းအနားဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊မင်္ဂလာပန်းကြဲပေးသော မခင်ရတနာဝင်း၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မဆုယမင်းဝေ၊ သတို့သားအရံ မောင်ဇေယျာဝင်းနှင့် သတို့သမီးအရံ မသက်ငြိမ်းအေး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြသော မစူဘာဏီအဖွဲ့နှင့်Emperorအဖွဲ့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင် အလှပြုပြင်ပေးသော မိတ်ကပ်အောင်အောင်နှင့်အဖွဲ့အား လည်းကောင်း၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသူများအားလည်းကောင်း၊ မင်္ဂလာကိစ္စအားလုံးဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလည်းကောင်း၊ Yuzana Hotel, The Strand Hotel နှင့် Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ဇော်ဦး – မသန္တာလွင်။**



အထက(၂)လသာ ကျောင်းသူဟောင်းများအတွက် ဖိတ်ကြားလွှာ

အထက(၂)လသာ၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

ကန်တော့ခံ ဆရာမကြီးများအား သီးခြားလှူဒါန်းလိုသော ပစ္စည်းများကို ကြိုတင်ပေးပို့နိုင်ပါသည်။

ကျင်းပမည့်နေ့ရက် – ၁၇-၁-၂၀၀၄(စနေနေ့)
ကျင်းပမည့်အချိန် – နံနက် (၉)နာရီ
ကျင်းပမည့်နေရာ – မြည်လာခန်းမ၊ အထက(၂)လသာ

သီးခြားဖိတ်စာမပို့ပါ။

အာသီသ – ဆရာမကြီးများ၏ ပျော်ရွှင်ပီတိကို မျှဝေခံစားရင်း ပူဇော်နိုင်ရန်အတွက် မပျက်မကွက် တက်ရောက်ကြပါရန်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် – ၄၈/၂၀၀၃ (၂၀၀၃ခုနှစ်၊ဒီဇင်ဘာလ ၂၄ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများ အတွက် လျှောက်လွှာများ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ	ကွန်ပျူတာသိပ္ပံဘွဲ့	၂ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၆-၁-၂၀၀၄နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၁-၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် – ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၁-၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၄-၂-၂၀၀၄နေ့နှင့် ၁၅-၂-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၂-၂-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် –၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

လှည်းတန်းထိပ်မှ "ရှမ်းတောင်တန်းရှမ်းခေါက်ဆွဲဆိုင်"

